ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်၊ သောကြာနေ့၊ (29-6-2007) (၅၃၆၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက် ထွက်ရှိလာသည့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြည်သူလူထု ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် စီစဉ်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ အနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် မွေးမြူရေးအထူးဇုန် ဇုန်(၂) အကွက်အမှတ် (၃၇/၃၈)ရှိ ဦးအောင်လှ၏ အထွက်ကောင်း ပီလောပီနံ ငါးကေစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် နံနက် ဇနာရီခွဲတွင် ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါး မွေးမြူရေးအထူးဇုန် ဇုန်(၂) ရှင်းလင်းဆောင်၌ ဇုန်တာဝန်ခံများနှင့် တာဝန်ရှိသူများက ဇုန်များအလိုက် ဟင်းသီးဟင်းရွက်၊ ပီလောပီနံနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ၊ ကြက်နှင့်ငါး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် လမ်းများ ပြုပြင်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်၍ ထွက်ရှိလာသည့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြည်သူလူထုက ဈေးနှုန်းသက်သာစွာ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်အောင် စီစဉ်ဆောင်ရွက်ကြရန်၊ ဇုန်များရှိ ဆက်လက်ပြုပြင်ရန် လိုအပ်သည့်လမ်းများကို အမြန်ပြုပြင်ရေး စီစဉ်ဆောင်ရွက်ကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်၊ ပီလောပီနံ၊ အစေ့ထုတ်ပြောင်းနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်တို့ကို မှာကြားပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် ဇုန်(၂) ရှင်းလင်းဆောင်အနီး စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းနှင့် အစေ့ထုတ်ပြောင်း စံပြစိုက်ခင်းမှ ထွက်ရှိသော ရေဆင်း(၃) အစေ့ထုတ်စပ်မျိုးပြောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဇုန်(၂) အကွက်အမှတ်(၃၆)ရှိ ဦးမင်းနိုင်၏ အစေ့ထုတ်ပြောင်း စံပြ ၁၀ ဧက စိုက်ခင်းအတွင်း နန္ဒင်းကြားညှပ်စိုက်ပျိုးခြင်း ဖြစ်ထွန်းအောင်မြင်နေမှုများကို လည်းကောင်း၊ အကွက်အမှတ်(၃၇/၃၈)ရှိ ဦးအောင်လှ၏ အထွက်ကောင်း ပီလောပီနံ ငါးကေစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ
The Mirror

ဆောင်းပါး အညွှန်း

"ကိုယ်ကာယလှုပ်ရှားမှု တိုး၍ ပြုလုပ်ခြင်းသည် ကိုယ်အလေးချိန်လျော့နည်းမှုကို ရေရှည်ထိန်းသိမ်းထားနိုင်ရေးအတွက် အရေးကြီးသည်။ ပုံမှန် ကိုယ်ကာယလှုပ်ရှားမှု ပြုလုပ်ခြင်းအားဖြင့် သွေးတွင်း အင်ဆူလင်ဟော်မုန်း များနေခြင်းကိုလည်း လျော့နည်းစေနိုင်သည်။ သွေးတွင်း အဆီဓာတ်များကိုလည်း လျော့နည်းစေနိုင်ပြီး သွေးပေါင်ကိုလည်း လျော့နည်းစေနိုင်သည်။ ထို့အပြင် ကြွက်သားများ၏ သန်မာမှုများကိုလည်းဖြစ်စေကာ နှလုံးသွေးကြောနှင့်ဆိုင်သော အထွေထွေ ကျန်းမာမှုကို ပိုမိုကောင်းမွန်စေနိုင်သည်။ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာမှုကိုလည်း လျော့နည်းစေနိုင်သည်။"

ဒေါက်တာတင့်ဆွေလတ်၏ **"ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေး (၂)"**

(ဆောင်းပါး) စာမျက်နှာ–၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၉–၆–၂၀၀၇
(သောကြာနေ့)

သန့်ရှင်းသော သောက်သုံးရေဖူလုံရေး ကြိုးပမ်းဖြည့်ဆည်း

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်ရေးနှင့် စိုက်ပျိုးရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် လူဦးရေအများစု နေထိုင်ရာ ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး လိုအပ်ချက်များအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန် ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ဆည်တမံပေါင်းနှစ်ရာကို တည်ဆောက်ပေးထားပြီးဖြစ်ရာ လယ်ယာမြေများသို့ စိုက်ပျိုးရေပေးဝေနိုင်သည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အကျိုးပြုနေပြီဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့သည် အပူပိုင်းဒေသ မိုးနည်းရေရှား ရပ်ဝန်းများဖြစ်ရာ သောက်ရေသုံးရေအတွက် ယခင်ကာလများက အခက်အခဲများစွာ ကြုံတွေ့ခဲ့ကြရသည်။

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် (၅) ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လျက်ရှိရာ သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် အဓိကပါဝင်သည်။ ယခုအခါ အပူပိုင်းဒေသများဖြစ်သည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းမှ ရေခက်ခဲသောကျေးရွာနှင့် ရေမလုံလောက်သောကျေးရွာ ၈၀၄၂ ရွာရှိသည့်အနက် ၇၉၁၁ ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိနေပြီဖြစ်သည်။

ထို့နည်းတူ အခြားသော ပြည်နယ်နှင့်တိုင်းများမှ ရေခက်ခဲသော ကျေးရွာ တစ်သောင်းငါးထောင်ကျော် ရှိသည့်အနက် ကျေးရွာပေါင်းကိုးထောင်ကျော်တွင်လည်း သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

သန့်ရှင်းသောသောက်သုံးရေသည် လူသားများ အသက်ရှည် ကျန်းမာရေး၊ ရောဂါဘယများ ကူးစက်ပြန့်ပွားမှု မရှိစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်ရာ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများတွင် စည်ပင်သာယာရေးအဖွဲ့များနှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် စေတနာရှင်ပြည်သူများက ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ကျေးလက်ဒေသပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိသုံးစွဲနိုင်ကြမည် ဖြစ်ပါသည်။ ။

ဂုဏ်ပြုလွှာချီးမြှင့်

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ဗညားဒလလမ်းနေ ဖခင်ကြီး ဦးရင်ဖေ–မိခင်ကြီးဒေါ်ပု တို့အားရည်စူး၍ သမီး ဒေါ်ရီရီဆွေမိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ အမှုဆောင် မချိုလေးတင့်ကလက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးလက်ဒေသသုံး ကြက်ဆူစေ့ကြိတ်စက် တီထွင်ထုတ်လုပ် ကြက်ဆူစေ့တစ်တင်းကို ဆီ ၁ ဒသမ ၂၅ ဂါလန် ကြိတ်ယူရရှိ

ရန်ကုန် ဇွန် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ၉ မိုင်ရှိ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(ရုံးချုပ်) နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန၌ ခြစ်စည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်ဆီ ထုတ်လုပ်ရရှိမှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေ၊ အထွေထွေမန်နေဂျာ ဦးတင်မောင်စိုးနှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်ဆွေလင်းတို့က ခြစ်စည်းရိုးကြက်ဆူစေ့မှ ပထမဦးစွာ ကျေးလက်ဒေသသုံးဆီ ရရှိမှုနှင့် ဒုတိယအဆင့် ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်မှုကို ရှင်းလင်းပြသသည်။

ရှေးဦးစွာ ဌာနနှင့် ပြည်တွင်းမှ စက်မှုလက်မှုလုပ်ငန်းရှင်များ ပူးပေါင်းတီထွင်ထုတ်လုပ်ထားသော ကျေးလက်ဒေသသုံး ကြက်ဆူစေ့ကြိတ်စက်ဖြင့် ကြက်ဆူစေ့ တစ်တင်းကို ဆီ ၁ ဒသမ ၂၅ ဂါလန် ကြိတ်ယူရရှိမှု၊ အစေ့မှ ဆီ ၃၇ ရာခိုင်နှုန်း၊ ဆီကြိတ်ဖတ်တွင် ဆီကျန် ၃ ရာခိုင်နှုန်း ပါဝင်မှုကို ထွက်ရှိလာသောဆီနှင့် ဆီကြိတ်ဖတ်နမူနာများဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ ပြည်တွင်းဖြစ် ကျေးလက်ဒေသသုံး ဆီစစ်စက်ဖြင့် ဆီဆန်ခါ အမျိုးမျိုး အသုံးချပြီး တစ်နာရီလျှင် ခြစ်စည်းရိုးကြက်ဆူဆီကြမ်း ၁၀ ဂါလန်ကို ဆီကြည် ဆီသန့်စစ်ထုတ်နိုင်မှုကို ရှင်းလင်းပြသသည်။

ဝန်ကြီးသည် ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့် ပုံစံပြကွက်နှင့် ထုတ်လုပ်ရရှိသော လုပ်ငန်းအဆင့်တိုင်း၏ ပစ္စည်းနမူနာများကို ကြည့်ရှုပြီး ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာအောင်ပြုလုပ်ရေး၊ ကျေးလက်ဒေသသုံးဆီများ ကျယ်ပြန့်စွာ ထုတ်လုပ်ရေး၊ ဘေးထွက်ပစ္စည်းများကို အသုံးပြုနိုင်ရန် ဆောင်ရွက်ကြရေး မှာကြားပြီး ပံ့ပိုးကူညီမှုများ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဖြန့်ဖြူးရန် ထုတ်လုပ်ထားသော ကျေးလက်ဒေသသုံး ဆီကြိတ်စက်နှင့် ဆီစစ်စက်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေး ပညာရှင်များက ခြစ်စည်းရိုးကြက်ဆူဆီ ပါဝင်မှု ပိုမိုများပြားလာသည့် ခြစ်စည်းရိုးကြက်ဆူပင်များ တိုးတက်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက လုပ်ငန်းများ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် သုတေသနဌာန တစ်ခုနှင့်တစ်ခု ဆက်စပ်၍ တီထွင်ကြံဆ သုတေသနပြုကြရန် မှာကြားသည်။

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် တီကောင်မြေဆွေးထုတ်လုပ်ရန် မွေးမြူထားသော တီကောင်မွေးမြူရေးကန်များနှင့် တီကောင်ပွားများမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံများက လုပ်ငန်းဌာနများအား တီကောင်မျိုး ဖြန့်ဝေရောင်းချမှု၊ တီကျစ်စာမြေဆွေး ဖြန့်ဝေရောင်းချမှုတို့ကို ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရန်ကုန်မြို့ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း(ရုံးချုပ်) နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာနတွင် ကျေးလက်ဒေသသုံး ဆီကြိတ်စက်နှင့် ဆီစစ်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည်သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏တပည့် အရှင်ပဏ္ဍိဝံသ (မိဂလုံ)ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာတရားတော်များကို ဇူလိုင် ၆ ရက်မှ ၁၂ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများအား အကျိုးတော်ဆောင်အဖွဲ့မှ အခမဲ့ အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ ဇူလိုင် ၅ ရက် အရောက် ကြွရောက်ပါရန် နှိုးဆော်ထားသည်။ (က–ပ)

မြန်မာ့အာမခံလုပ်ငန်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန မြန်မာ့အာမခံလုပ်ငန်း ရုံးချုပ်နှင့် ပြည်နယ်၊ တိုင်းနှင့် ခရိုင်ရုံးများ၏ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၆ ရက်က ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမတွင်ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ရုံးချုပ်မှတာဝန်ရှိပုဂ္ဂိုလ်များ ပြည်နယ်၊ တိုင်းနှင့်ခရိုင် ၃၈ ရုံးမှ တာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ ပြည်နယ်၊ တိုင်းနှင့်ခရိုင် တာဝန်ခံများက ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းအစီရင်ခံစာအသီးသီးကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ရုံးချုပ်ဌာန အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် အာမခံလုပ်ငန်းရပ်အသီးသီးအပေါ် လျာထားချက် ပြည့်မီကျော်လွန်၍ တိုးတက်စေရေးနှင့် ပြည်သူများအတွင်း လိုအပ်သည့် အာမခံ အကာအကွယ်များ အမှန်တကယ်ရရှိနိုင်ရေးအတွက် ပြည်နယ်၊ တိုင်း၊ ခရိုင် တာဝန်ခံများအား လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

(သတင်းစဉ်)

ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေး(၂)

ဒေါက်တာ တင့်ဆွေလတ်

အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေအများဆုံး လူအားလုံးသည် လူ့ဘဝနေထိုင်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လိုက်နာနိုင်မည် မဟုတ်သောကြောင့် အခြားသော အရေးယူဆောင်ရွက်မှုများဖြင့်လည်း ဆီးချိုသွေးချိုရောဂါကို ကာကွယ်နိုင်ရန် လိုအပ်နေသည်။ ဆေးဝါးများ အသုံးပြုခြင်းဖြင့် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါအား ကာကွယ်ခြင်းနည်းလမ်းကို ဒုတိယအဆင့်အနေဖြင့်သာ အသုံးပြုသင့်သည်။ သို့မဟုတ် လူ့ဘဝနေထိုင်မှုဟန်များ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းများနှင့် ပူးတွဲ၍သာ အသုံးပြုသင့်သည်။ လူ့ဘဝနေထိုင်မှုဟန်များ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းများသက်သက်ဖြင့် ကိုယ်အလေးချိန်ကို လုံလောက်စွာ လျော့နည်းကျဆင်းစေခြင်း မရှိသည့်အခါတွင်သာ ဆေးဝါးများအသုံးပြုခြင်းကို စဉ်းစားသင့်သည်။ သို့ရာတွင် လူ့ဘဝနေထိုင်မှုဟန်များ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းများဖြင့် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါကို အောင်မြင်စွာ မကာကွယ်နိုင်သူများတွင် ဆေးဝါးအသုံးပြု၍ အရေးယူဆောင်ရွက်ခဲ့လျှင် မည်သည့်အတိုင်းအတာအထိ ဆီးချိုသွေးချိုရောဂါ ကာကွယ်နိုင်မည်ကို သုတေသနပြုလုပ်ထားချက်များ ယနေ့တိုင် မသိရသေးပါ။

(၁) အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများသည့်သူများအတွက် ရည်ရွယ်သည့် ကာကွယ်ရေးဆိုင်ရာနည်းလမ်း(High-risk approach)

ဤအုပ်စုအတွက် နိုင်ငံတကာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ် (International Diabetes Federation)က အဆင့်သုံးဆင့် သတ်မှတ်၍ အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါအား ကာကွယ်ခြင်းပြုရန် အဆိုပြုထားသည်။

အဆင့်(၁)။ ။ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများသည့်သူများအား စစ်ဆေးရှာဖွေခြင်း။

ပထမအဆင့်အနေဖြင့် အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများသည့်သူများအား လူဦးရေတစ်ခုလုံးမှ ရှာဖွေဖော်ထုတ်ရန် လိုအပ်သည်။ ၎င်းသူများကို ရှာဖွေရန် အထွေထွေရောဂါကု မိသားစုဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဝါးဗေဒကျွမ်းကျင်သူများထံ ကျန်းမာရေးဆိုင်ရာ အခြားအကြောင်းတစ်ခုခုကြောင့် လာရောက်ဆက်သွယ် ပြသခဲ့သူများထဲမှ အခွင့်သာသလို ရွေးချယ်၍ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများသည့်သူများအား ရှာဖွေဖော်ထုတ်ခြင်း နည်းလမ်း (Opportunistic Screening)ကို အသုံးပြုရန် လိုအပ်သည်။

အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ချုပ်က ဂလူးကို့(စ်) အချိုရည် တိုက်ကျွေးပြီး သွေးဖောက်စစ်ဆေးခြင်းအားဖြင့် ဆီးချိုသွေးချိုရောဂါ ကနဦးအဆင့်တွင် ရှိသူများအား ရှာဖွေဖော်ထုတ်ခြင်း နည်းလမ်း (Oral Glucose Tolerance Test)ကို အတတ်နိုင်ဆုံး မသုံးဘဲ လွယ်ကူ၍ လက်တွေ့ကျပြီး သွေးဖောက်ရခြင်းမရှိဘဲ အကုန်အကျလည်းနည်းသည့် နည်းလမ်းဖြင့် အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများသည့်သူများကို ဦးစွာရှာဖွေဖော်ထုတ်ရန် အကြံပြုသည်။ ဤသို့ပြုလုပ်နိုင်ရန် အောက်ဖော်ပြပါ မေးခွန်းအချက်အလက်များ မေးခြင်းဖြင့် စတင်နိုင်သည်–

ဤမေးခွန်းလွှာကို ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် မိမိဘာသာ ဆန်းစစ်သည့်အနေဖြင့်လည်း အသုံးပြုနိုင်သည်။

အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများသည့်သူများကို ဖော်ထုတ်ရန် မေးခွန်းလွှာ

အောက်ပါအချက်များမှ တစ်ချက်ချက် ရှိခဲ့သူများသည် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ပိုဖြစ်နိုင်ပါသဖြင့် နောက်ထပ် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်သည်။

အဝလွန်ကဲခြင်း (Obesity)

ဝမ်းဗိုက်ပိုင်းနေရာတွင် အဝလွန်ကဲသူများ (Central Obesity)ကို ခါးပတ်လည် အတိုင်းအထွာ လွယ်ကူစွာ တိုင်းထွာခြင်းဖြင့် ဖော်ထုတ်နိုင်သည်။ အာရှတိုက်သား အမျိုးသားများအတွက် ခါးပတ်လည် အတိုင်းအထွာ စင်တီမီတာ ၉၀၊ အမျိုးသမီးများအတွက် စင်တီမီတာ ၈၀နှင့်အထက်ရှိခဲ့လျှင် ဝမ်းဗိုက်ပိုင်းနေရာတွင် အဝလွန်ကဲသူများ (Central Obesity) ဟု သတ်မှတ်နိုင်သည်။

မိသားစုအတွင်း ဆီးချိုသွေးချို မျိုးရိုးရှိခြင်း (Family History)

မိသားစုအရင်းအချာများတွင် ဆီးချိုသွေးချိုရောဂါ ရှိခဲ့လျှင် မိမိတွင်လည်း ဆီးချိုသွေးချိုရောဂါဖြစ်ရန် အလားအလာများသည်။

အသက်အရွယ် (Age)

ဥရောပတိုက်သားများအတွက် အသက် ၄၅ နှစ်အထက်၊ ကျန်တစ်ကမ္ဘာလုံးတွင် ၃၅နှစ်အထက် ရှိသူများသည် ဆီးချိုသွေးချိုရောဂါဖြစ်ရန် အလားအလာများသည်။

နှလုံးသွေးကြောဆိုင်ရာ ရောဂါဖြစ်ခဲ့ဖူးခြင်း

(Cardiovascular History)

သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်း ရောဂါရှိခဲ့လျှင် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါတွဲ၍ ရှိနေနိုင်သည်။

ကိုယ်ဝန်ဆောင်စဉ်၌ ဖြစ်ပေါ်လာသော ဆီးချိုသွေးချိုရောဂါ

(Gestational Diabetes Mellitus)

ကိုယ်ဝန်ဆောင်စဉ် ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာသော အမျိုးသမီးများသည် နောင်အခါတွင် ဆီးချိုသွေးချိုရောဂါဖြစ်ရန် အလားအလာများသည်။

ဆေးဝါးသုံးစွဲမှုရာဇဝင် (Drug History)

အောက်ပါဆေးဝါးများ သုံးစွဲနေရသူများသည် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါပို၍ ဖြစ်ပေါ်စေနိုင်သည်–

နီကိုတင်းနစ်အက်ဆစ်	**ဂလူးကိုးကော့တီကွိုက်(စ်)**
(Nicotinic Acid)	**(Glucocorticoids)**
သိုင်းရွိုက်ဟော်မုန်း	**ဘီတာအဒရီနားဂျစ်အန်တာဂိုနစ်(စ်)**
(Thyroid Hormone)	**(Beta-adrenergist antagonists)**
သိုင်ယာဇိုက်ဆီးဆေး	**အတက်ကျဆေး**
(Thiazides)	**(Dilantin)**
ပင်တာမင်ဒင်း	**စိတ်ရောဂါဆိုင်ရာဆေးဝါးများ**
(Pentamidine)	**(Anti-psychotic agents)**

အင်တာဖရွန်အယ်ဖာ (Interferon-alpha)

စသည့် ဆေးဝါးများ ဖြစ်ကြသည်။

အဆင့်(၂)။ ။အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာနိုင်သည့် အလားအလာအား တိုင်းတာခြင်း

(Measuring Level of Risk)

အကယ်၍ အထက်ဖော်ပြပါ အဆင့်(၂)တွင် လူတစ်ဦးသည် အမျိုးအစား(၂)ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနိုင်သည့် အလားအလာ ပိုမိုရှိကြောင်း တွေ့ရှိလျှင် ၎င်းကဲ့သို့ ရောဂါပိုမိုဖြစ်နိုင်သည့် အလားအလာ အန္တရာယ်ကို ကျန်းမာရေးဝန်ထမ်းတစ်ဦးက စစ်ဆေးတိုင်းတာကြည့်ရမည်။ အဆင့်(၂)တွင် အဓိက စမ်းသပ်ချက်မှာ သွေးအတွင်း ဂလူးကို့(စ်) ခေါ် သကြားဓာတ်ကို တိုင်းတာစစ်ဆေးကြည့်ခြင်းပင် ဖြစ်သည်။ ဤအဆင့်တွင် အခြားသော ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်သည့် အကြောင်းအချက်များကိုပါ ဆန်းစစ်စစ်ဆေးကြည့်ရန် လိုအပ်သည်။

သွေးအတွင်း ဂလူးကို့(စ်)ခေါ် အချိုဓာတ်(Plasma Glucose)

သွေးအတွင်း ဂလူးကို့(စ်)ခေါ် အချိုဓာတ်ကို တိုင်းတာကြည့်ခြင်းအားဖြင့် နံနက်ပိုင်း အစာမစားမီ သွေးချိုဓာတ်များနေသူ(IFG) သို့မဟုတ် အစာစားပြီးနောက် သွေးချိုဓာတ်များလာသူ (IGT)တို့ကို ရှာဖွေတွေ့ရှိနိုင်သည်သာမက ရောဂါလက္ခဏာမပြဘဲ ရောဂါငုပ်နေသော ဆီးချိုသွေးချိုရောဂါကိုလည်း ရှာဖွေဖော်ထုတ်ပေးနိုင်သည်။

အကယ်၍ ညဘက်အစာမစားဘဲ မနက်အစာမစားမီ ဖောက်ကြည့်သည့် သွေးချိုဓာတ် (Fasting Plasma Glucose) 6.1- 6.9 mg/dl သို့မဟုတ် 110-125 mg/dl အတွင်း ရှိနေခဲ့လျှင် ပါးစပ်မှ ဂလူးကို့(စ်)ဓာတ်ကို တိုက်ကျွေးပြီး သွေးချိုဓာတ်ဖောက်၍ စစ်ဆေးခြင်း(Oral Glucose Tolerance Test-OGTT)ဖြင့် ဆက်လက်စမ်းသပ်ရန် လိုအပ်သည်။ IGTသို့မဟုတ် IFGရှိနေခဲ့လျှင် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါဖြစ်ရန် အလားအလာများစွာ ရှိနေသည်။ ယင်းသို့သော သူများအား ရည်ရွယ်လျက် အရေးယူဆောင်ရွက် ကုသမှုပေးခဲ့လျှင် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာခြင်းကို ကာကွယ်နိုင်ခြင်း သို့မဟုတ် နောက်ကျပြီးမှ ဖြစ်စေရန် အချိန်ဆွဲထားပေးနိုင်ခြင်းများ ဖြစ်စေနိုင်သည်။

အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများစေသည့် အခြားသော အကြောင်းအချက်များ (Other Risk Factors)

ခါးပတ်လည် အတိုင်းအထွာများလာခြင်း၊ သွေးတိုးခြင်း၊ မိသားစုအရင်းအချာများတွင် ဆီးချို သွေးချိုရောဂါရှိခြင်း၊ (Triglyceride) ခေါ် အကျိုးမပြုသည့် အဆီဓာတ်များနေခြင်းနှင့် နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများ ရှိနှင့်နေခြင်းတို့သည် အမျိုးအစား(၂) ဆီးချိုသွေးချို ရောဂါဖြစ်နိုင်ခြေများစေသည့် အခြားသော အကြောင်းအချက်များ ဖြစ်ကြသည်။ သို့ပါ၍ ၎င်းအကြောင်းအချက်များ ရှိ၊မရှိကို စစ်ဆေး စမ်းသပ်ရန် လိုအပ်ပြီး သင့်တော်သလို အရေးယူဆောင်ရွက် ကုသပေးသင့်သည်။ ထို့အပြင် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေများစေသည့် အကြောင်းအချက်များဖြစ်သော (HDL Cholesterol) ခေါ် အကျိုးပြုသော အဆီဓာတ် နည်းနေခြင်း၊ (LDL Cholesterol)ခေါ် အကျိုးမပြုသော အဆီဓာတ် များနေခြင်းတို့ကိုလည်း ဆန်းစစ် စစ်ဆေးရန် လိုအပ်သည်။ ရှိခဲ့လျှင်လည်း သင့်တော်သော ကုထုံးများပေးရန် လိုအပ်သည်။

အဆင့် (၃)။ ။အမျိုးအစား (၂)ဆီးချိုသွေးချိုရောဂါဖြစ်ပေါ်လာနိုင်သည့် အလားအလာအား လျော့နည်းစေရန် အရေးယူဆောင်ရွက်ခြင်း (Intervention to Lower risk)

ယခုအခါတွင် လူ့ဘဝနေထိုင်မှု ဟန်နှင့်ဆိုင်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းအားဖြင့် အမျိုးအစား (၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားလာမှုကို ကာကွယ်နိုင်ကြောင်း သက်သေသာဓကများစွာ ရှိနေပြီဖြစ်သည်။ သို့ပါ၍ လူ့ဘဝနေထိုင်မှုဟန်နှင့်ဆိုင်သော ပြုပြင်ပြောင်းလဲခြင်းများကို လူနာအားလုံးအတွက် အရေးယူဆောင်ရွက်ချက် ပထမအဆင့်အနေဖြင့် ဆောင်ရွက်သင့်သည်။ သို့ရာတွင် အချို့သောသူများတွင် လူ့ဘဝနေထိုင်မှုဟန်နှင့်ဆိုင်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာ၌ အောင်မြင်မှုမရှိခဲ့လျှင် ဆေးဝါးများ အသုံးပြု၍ ကုထုံးများပေးရန် လိုအပ်နိုင်သည်။ လူ့ဘဝနေထိုင်မှုဟန်နှင့်ဆိုင်သော ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန်လည်း လိုအပ်သည်။ အဘယ်ကြောင့် ဆိုသော် ရေရှည်တွင် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းကြောင့်ဖြစ်သည်။

ခန္ဓာကိုယ်အလေးချိန် (Body Weight)

အဝလွန်ကဲခြင်း အထူးသဖြင့် ဝမ်းဗိုက်နေရာတွင် အဝလွန်ကဲခြင်းသည် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါနှင့် ဆက်နွှယ်နေသော အခြားရောဂါများ ဖြစ်ပေါ်လာရေးအတွက် အဓိကကျသော အကြောင်းအချက်ဖြစ်နေသဖြင့် ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေးတွင် အဓိက အာရုံစူးစိုက်၍ အရေးယူဆောင်ရွက်သင့်သည်။ ကိုယ်အလေးချိန်လျော့ခြင်းအားဖြင့် အင်ဆူလင်ဟော်မုန်းအာနိသင်အား ဆန့်ကျင်မှု၊ သွေးချိုခြင်းနှင့် သွေးတွင်းအဆီဓာတ်များခြင်းများအပြင် သွေးတိုးရောဂါကိုပါ လျော့နည်းသက်သာစေနိုင်သည်။ သို့ဖြစ်၍ အဝလွန်သူများအား ကျန်းမာရေးနှင့်ညီညွတ်သော ခန္ဓာကိုယ်အချိုးအစားကို ရရှိပြီး ရေရှည်တွင် ထိန်းသိမ်းထားနိုင်ရေးအတွက် အားပေးဆောင်ရွက်သင့်သည်။ စနစ်တကျပုံစံချ၍ စီမံကုသခြင်းသည် ငါးရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းအထိ ကိုယ်အလေးချိန်ကို လျော့နည်းကျဆင်းစေနိုင်ပါသည်။ ကိုယ်အလေးချိန်လျှော့ချရေးနှင့်ပတ်သက်၍ ထားရှိထားသော ရည်မှန်းချက်မှာ တစ်ပတ်လျှင် ၀ ဒသမ၅ မှ ၁ကီလိုဂရမ်အထိ (၁ ပေါင်မှ ၂ပေါင်အထိ) တဖြည်းဖြည်းချင်း လျော့နည်းစေသင့်သည်။ ယင်းသို့ ကိုယ်အလေးချိန်လျော့နည်းစေရန် စွမ်းအင်ဓာတ်စားသုံးမှုကို အသင့်အတင့်ထိန်းချုပ်ခြင်းနှင့် ကိုယ်ကာယလှုပ်ရှားမှုကို တိုးမြှင့်ပြုလုပ်ခြင်း နည်းလမ်းများဖြင့် အရေးယူ ဆောင်ရွက်သင့်သည်။ နေ့စဉ် သို့မဟုတ် အပတ်စဉ် ကိုယ်အလေးချိန်ကို ချိန်ကြည့်ခြင်း၊ ခါးပတ်လည် အတိုင်းအထွာကို တိုင်းကြည့်ခြင်းတို့ဖြင့် အဝလွန်ခြင်းကို မိမိဘာသာ သတိထား စောင့်ကြည့်သင့်သည်။ မိမိပုံမှန်စားသုံးနေသည့် စွမ်းအင်ဓာတ်ကယ်လိုရီထက် နေ့စဉ် ၅၀၀မှ ၁၀၀၀ ကယ်လိုရီလျှော့၍ စားသုံးရန်လည်း လိုအပ်သည်။ ကိုယ်အလေးချိန်ကို ရေရှည်အောင်မြင်စွာ လျော့နည်းနိုင်စေရန် အဆီစားသုံးခြင်းအား ရှောင်ကြဉ်ခြင်းကဲ့သို့သော စားသောက်မှုဆိုင်ရာ အလေ့အကျင့်များကို လုံးဝပြောင်းလဲပစ်ရန် လိုအပ်သည်။ ကစီဓာတ်စားသုံးမှုကိုလည်း ထိန်းချုပ်ရန် လိုအပ်ပြီး အချိုဓာတ်များပြီး အုမှသွေးတွင်းသို့ စုပ်ယူရန် လွယ်ကူသော ကစီဓာတ်များကိုလည်း ရှောင်ကြဉ်ရန် လိုအပ်သည်။

ကိုယ်ကာယလှုပ်ရှားမှု (Physical Activity)

ကိုယ်ကာယလှုပ်ရှားမှု တိုး၍ပြုလုပ်ခြင်းသည် ကိုယ်အလေးချိန်လျော့နည်းမှုကို ရေရှည်ထိန်းသိမ်းထားနိုင်ရေးအတွက် အရေးကြီးသည်။ ပုံမှန်ကိုယ်ကာယလှုပ်ရှားမှု ပြုလုပ်ခြင်းအားဖြင့် အင်ဆူလင်ဟော်မုန်း၏ အာနိသင် ပိုမိုကောင်းမွန်လာနိုင်သည်။ သွေးတွင်းအင်ဆူလင် ဟော်မုန်းများနေခြင်းကိုလည်း လျော့နည်းစေနိုင်သည်။ သွေးတွင်း အဆီဓာတ်များကိုလည်း လျော့နည်းစေနိုင်ပြီး သွေးပေါင်ကိုလည်း လျော့နည်းစေနိုင်သည်။ ထို့အပြင် ကြွက်သားများ၏ သန်မာမှုများကိုဖြစ်စေကာ နှလုံးသွေးကြောနှင့်ဆိုင်သော အထွေထွေကျန်းမာမှုကို ပိုမိုကောင်းမွန်စေနိုင်သည်။ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာမှုကိုလည်း လျော့နည်းစေနိုင်သည်။

ရက်သတ္တ တစ်ပတ်၏ ရက်တော်တော်များများတွင် တစ်နေ့လျှင် အနည်းဆုံး မိနစ် ၃၀ မပြင်းထန်လွန်းသော ကိုယ်ကာယလှုပ်ရှားမှုများ ပြုလုပ်သင့်သည်။ လမ်းသွက်သွက်လျှောက်ခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်းစသည့် ကိုယ်ကာယလှုပ်ရှားမှုများပြုလုပ်ရန် အထူးသင့်တော်ပါသည်။ နေ့စဉ် မိနစ် ၃၀ ခန့် အနည်းဆုံး ပုံမှန် လမ်းလျှောက်ခြင်းသည် ဆီးချို သွေးချိုဖြစ်ပေါ်လာမှုအား ရာခိုင်နှုန်း ၃၀ မှ ရာခိုင်နှုန်း ၄၀ အထိ လျော့နည်းစေနိုင်သည်။

လူနာများအား ပုံမှန်လေ့ကျင့်ခန်းစ၍ မလုပ်မီတွင် ကောင်းစွာ စစ်ဆေး စမ်းသပ်မှုပြုလုပ်သင့်သည်။ လေ့ကျင့်ခန်းပြုလုပ်ရန် သင့်တော်မှုရှိ၊ မရှိ ရောဂါရှာဖွေမှုကိုလည်း ပြုလုပ်သင့်သည်။ အထိုင်များ၍ လှုပ်ရှားမှု နည်းသူများအတွက် လေ့ကျင့်ခန်းလုပ်မှုကို ဖြည်းဖြည်းနှင့် မှန်မှန်သာတိုး၍ ပြုလုပ်သင့်သည်။

ဆေးဝါးများအသုံးပြု၍ကုသခြင်း (Pharmacological Intervention)

လူ့ဘဝနေထိုင်မှုဟန်နှင့်ဆိုင်သော အရေးယူဆောင်ရွက်ချက်များဖြင့် လိုအပ်သော ကိုယ်အလေးချိန်လျော့နည်းမှုမရရှိနိုင်လျှင်သော်လည်းကောင်း၊ သွေးတွင်း သကြားဓာတ်ကို လိုအပ်သည့် အဆင့်အထိ မလျှော့ချနိုင်လျှင်သော်လည်းကောင်း ဆရာဝန်၊ ဆရာမများ၏ ညွှန်ကြားမှုဖြင့် Metformin ဆေးဝါးကို သုံးစွဲနိုင်သည်။ အသက် ၆၀ အောက် ခန္ဓာကိုယ်သိပ်သည်းဆ အညွှန်း 30 kg /m² ရှိသူများနှင့် ညအစာမစားဘဲ နံနက်စောစော သွေးဖောက် စစ်ဆေးချက် 110 mg/dl ထက် များသူများတွင် ဤကုထုံးကို နည်းလမ်းတစ်ခုအနေဖြင့် စဉ်းစားနိုင်သည်။

အခြားဆေးဝါးများကိုလည်း တတ်ကျွမ်းနားလည်သူ ဆရာဝန်၊ ဆရာမများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သုံးစွဲနိုင်သဖြင့် ဤနေရာတွင် အကျယ်ချဲ့၍ မဆွေးနွေးလိုတော့ပါ။

နိုင်ငံတော်အတွက် ကျန်းမာရေးဝန်ထုပ်ဝန်ပိုးဖြစ်လာနေသော ဆီးချိုသွေးချိုရောဂါနှင့် အပေါင်းပါ နောက်ဆက်တွဲရောဂါများသာမက အခြားကူးစက်ခြင်းကြောင့်မဟုတ်ဘဲဖြစ်ပွားသော ရောဂါများ ကာကွယ်ရေးကို အမျိုးသားရေးအသွင်ဖြင့် ကမ္ဘာပေါင်းစုံမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါစို့ ဟု နှိုးဆော်ရင်းဖြင့် ဤဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။ ။

ပါကစ္စတန်နိုင်ငံ ကမ်းခြေဒေသမှ ရေဘေးဒုက္ခသည်အချို့အားကရာချိမြို့သို့ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်လာသည်ကို ဇွန် ၂၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်အဏုမြူဓာတ်ပေါင်းဖိုများ၏ သက်တမ်း တိုးချဲ့အသုံးပြုသွားရန် အလားအလာရှိ

လန်ဒန် ဇွန် ၂၇

ဗြိတိန်နိုင်ငံစက်မှုလုပ်ငန်းများ၏ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချနိုင်ရန် ဗြိတိန်တွင်လက်ရှိအသုံးပြုနေသော အဏုမြူဓာတ်ပေါင်းဖိုများ၏ သက်တမ်းကို တိုးချဲ့နိုင်သမျှ တိုးချဲ့၍ အသုံးပြုသွားရန် လိုအပ်သည်ဟု ဗြိတိန်စွမ်းအင်ဌာနမှ အထက်တန်းအရာရှိက ဇွန် ၂၆ ရက်တွင်ပြောကြားသည်။

မိမိတို့အနေဖြင့် ရှိထားပြီးဖြစ်သော ဓာတ်ပေါင်းဖိုများ၏ သက်တမ်းကို ရှည်နိုင်သမျှရှည်စေရန် ဆွဲဆန့်ထားရန် လိုအပ်နေပြီဖြစ်ကြောင်း အဏုမြူဓာတ်ပေါင်းဖိုအသစ် တည်ဆောက်ရေးကွန်ဖရင့် အစည်းအဝေးပြင်ပတွင် ဘီလ်ကိုးလေးက ပြောကြားခြင်းဖြစ်သည်။

ရည်ရွယ်

အဏုမြူ ဓာတ်ပေါင်းဖိုများ၏ သက်တမ်းကို ဆွဲဆန့်အသုံးချရာ၌ အင်္ဂလန်ဒေသတစ်ခုတည်း၌ ရှိသော ဓာတ်ပေါင်းဖိုများကိုသာ တိုးချဲ့ရန် ရည်ရွယ်သည်မဟုတ်ဘဲ စကော့တလန်နှင့် ယူနိုက်တက်ကင်းဒမ်းတစ်ဝန်းရှိ ဓာတ်ပေါင်းဖိုများကိုပါ သက်တမ်းတိုးရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပြုလုပ်နေသော လေ့လာမှုများမှာ ပြီးပြတ်ခြင်း မရှိသေးသော်လည်း သက်တမ်းချဲ့ထွင်အသုံးချရေးကိစ္စမှာ မဖြစ်နိုင်စရာအကြောင်း မမြင်ကြောင်း ကိုးလေးက ပြောကြားသည်။ ယခုကိစ္စကို စဉ်းစားရာ၌ ဓာတ်ပေါင်းဖိုများ၏ ဘေးကင်းလုံခြုံစိတ်ချရရေးကိစ္စတွင် ပြဿနာတစ်စုံတစ်ရာမရှိကြောင်း၊ နည်းပညာပိုင်းနှင့် စီးပွားရေးကိစ္စများသာ စဉ်းစားနေရကြောင်း ၎င်းက ပြောကြားသည်။

ပေါ်ပေါက်လာ

အကယ်၍ ဗြိတိန်၌ အဏုမြူဓာတ်ပေါင်းဖိုအသစ်များ တည်ဆောက်ရေးအစီအစဉ် လုပ်ကိုင်နိုင်မည်ဆိုပါက ဆောက်လုပ်ရေး နယ်ပယ်တွင် အလုပ်အကိုင်နေရာသစ် ထောင်နှင့်ချီ၍ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန် ကရာချိမြို့၌ မိုးသည်းထန်စွာရွာသွန်း၊ ၂၂၀ ကျော် သေဆုံး

ကရာချိ ဇွန် ၂၅

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၂၀၀ကျော် သေဆုံးကြောင်း၊ ဓာတ်အားပြတ်တောက်မှုလည်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးက ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

ပြောကြား

မိုးရွာသွန်းမှုကြောင့် စုစုပေါင်း သေဆုံးသူ ၂၂၈ဦးရှိကြောင်း၊ဓာတ်လိုက်ခြင်း၊ သစ်ပင်နှင့်အိမ်များ ပြိုလဲကျခြင်း၊ ယာဉ် တိုက်မှုများဖြစ်ခြင်း စသည့် အကြောင်းများကြောင့် လူသေဆုံးရခြင်းဖြစ်ကြောင်း ပြည်နယ်ကျန်းမာရေးဝန်ကြီးဆာဒါအာမက်ဒ်ကရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။

ပြင်းထန်

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် ပြီးခဲ့သည့် ရက်အနည်းငယ်က မိုးရွာသွန်းခဲ့ပြီးနောက် အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင် သေဆုံးသူ ဒါဇင်ပေါင်းများစွာရှိကြောင်း၊ ပါကစ္စတန်နိုင်ငံ၏ ရာသီဥတုသည် ခန့်မှန်းထားသည်ထက် ပြင်းထန်ကြောင်း ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် မီဒီတပ်ဖွဲ့နှင့် ကန်တပ်ဖွဲ့များ တိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၇

အီရတ်နိုင်ငံ၏ တောင်ပိုင်းဒေသရှိ ဒီဝါနီယာမြို့တွင် အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး အမေရိကန်တပ်ဖွဲ့ဝင်များသည် ယင်းမြို့ရှိ မီဒီလက်နက်ကိုင်တပ်ဖွဲ့နှင့် အင်္ဂါနေ့က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

အမေရိကန်တပ်ဖွဲ့၏ လှည့်ကင်းနှစ်ဖွဲ့သည် လမ်းဘေးဗုံးနှင့် ဒုံးပစ်လောင်ချာများဖြင့် သီးခြားနေရာ နှစ်နေရာတွင် ချောင်းမြောင်းပစ်ခတ်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့က ရဟတ်ယာဉ်များကိုအကူအညီပေးရန် ခေါ်ယူခဲ့ရသည်ဟု အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြပါ ပစ်ခတ်မှုများကြောင့် အိမ်လေးလုံး မီးလောင်ခဲ့ပြီး အမျိုးသမီးနှစ်ဦးအပါအဝင် ဒေသခံသုံးဦး သေဆုံးခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိသည်ဟု ဒေသန္တရဆေးရုံ သတင်းရပ်ကွက်က ပြောကြားသည်။

ရှီးယိုက် ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံ မီဒီလက်နက်ကိုင်တပ်ဖွဲ့ဝင်များက အရပ်သားများ၏ အဆောက်အအုံနှင့် စာသင်ကျောင်းများကို အကာအကွယ်ယူ၍ အမေရိကန်လှည့်ကင်းနှစ်ဖွဲ့ကို ချောင်းမြောင်းပစ်ခတ်ခဲ့သည်ဟု အမေရိကန် စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါ့ဒေသ၌ ပျက်ကျသွားသော လေယာဉ်၏ အစိတ်အပိုင်းအချို့ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားရှိ ဆူခွိုင်းတိုက်လေယာဉ်များ အိန္ဒိယတွင် မွမ်းမံပြင်ဆင်ရန် ဆွေးနွေးနေ

ဂျကာတာ ဇွန် ၂၇

အင်ဒိုနီးရှားနိုင်ငံမှ ဆူခွိုင်းဂျက်တိုက်လေယာဉ်များအား အိန္ဒိယနိုင်ငံတွင် မွမ်းမံပြင်ဆင်နိုင်ရေး အလားအလာကို အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဆွေးနွေးလျက်ရှိကြောင်း အင်ဒိုနီးရှားကာကွယ်ရေး ဝန်ကြီး ဆူဒါဆိုနိုက တနင်္လာနေ့တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံမှာ ပြုပြင်ထိန်းသိမ်းရေးစနစ်နှင့်ပတ်သက်၍ ပြီးပြည့်စုံမှုရှိပြီး ဆူခွိုင်းလေယာဉ်အများအပြားကို ကောင်းမွန်စွာပြင်ဆင်နိုင်သည်ဟု မိမိတို့ သိမြင်ထားကြောင်း၊ ယင်းကြောင့် လွန်ခဲ့သည့်နှစ်နှစ်က ဝယ်ယူထားသည့် ဆူခွိုင်းလေယာဉ်ခြောက်စင်းကို ပြင်ဆင်ရန်အတွက် ရုရှားနိုင်ငံသို့ ပို့ရန်မလိုတော့ကြောင်း ဆူဒါဆိုနို၏ ပြောကြားချက်ကို ကိုးကား၍ အင်တာရာသတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားအစိုးရအနေဖြင့် ကာကွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ အိန္ဒိယ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ကာ စစ်ဘက်ပစ္စည်းကိရိယာများပြုပြင်ထိန်းသိမ်းရေးနှင့် စစ်ဘက်ပစ္စည်းများ စီမံခန့်ခွဲမှု ပြုလုပ်သွားရန် စဉ်းစားလျက်ရှိသည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှား၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ် နှစ်ဦးသေဆုံး ရှစ်ဦးပျောက်ဆုံးနေ

မော်စကို ဇွန် ၂၇

ရုရှားနိုင်ငံရှိ ကျောက်မီးသွေးတွင်း တစ်တွင်း၌ တနင်္လာနေ့ညနေက ပေါက်ကွဲမှုဖြစ်ပွားသဖြင့် မိုင်းတူးသူ နှစ်ဦးထက်မနည်း သေဆုံးပြီး ရှစ်ဦး ပျောက်ဆုံးနေကြောင်း အီတာ-တပ်စ်သတင်းဌာနက ဖော်ပြသည်။

မော်စကိုစံတော်ချိန် ည ၉ နာရီ ၅မိနစ်တွင် အဆိုပါ ကျောက်မီးသွေးတွင်းမှ ပေါက်ကွဲသံကိုကြားရပြီးနောက် မြေအောက် အလုပ်လုပ်ကိုင်နေသည့် နေရာများတွင် လျှပ်စစ်မီးများ ပြတ်တောက်သွားခဲ့ကြောင်း၊ ယင်းအချိန်သည် လုပ်ငန်းလုပ်ကိုင်နေချိန်ဖြစ်ကြောင်း အရေးပေါ်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လူကက်ရှ်က ပြောကြားသည်။

ကျောက်မီးသွေး တူးသူနှစ်ဦး၏ အလောင်းကို တွေ့ရှိကြောင်း၊ အခြားသုံးဦးသည် ကျောက်မီးသွေးတွင်းပေါ်သို့ တက်သွားကြောင်း သို့ရာတွင် ကျန်ကျောက်မီးသွေးတူးသူ ရှစ်ဦး၏ ကံကြမ္မာကို မသိရသေးဟု လူကက်ရှ်က ဆက်လက်ပြောကြားသည်။

ယင်းပေါက်ကွဲမှုသည် ရုရှားနိုင်ငံ အလယ်ပိုင်း ဒေသ ဝိုကူတာဒေသရှိ ကွမ်ဆိုမို စကာယာ ကျောက်မီးသွေးတွင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စီမံခန့်ခွဲရေးဌာနက ယင်းကျောက်မီးသွေးတွင်းတွင် အလုပ်လုပ်ကိုင်နေသူများကို ရှာဖွေလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ ဂျာဟာန်းဒေသ၌ ဗုံးပေါက်ကွဲမှုကြောင့်တိမ်းမှောက် ပျက်စီးနေသည့်ကုန်ရထားတစ်စင်းကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မက်သာဖက်တမင်းကီလို ၁၈၀ တရုတ်နှင့်ဖိလစ်ပိုင် ရဲတို့ သိမ်းဆည်းရမိ

ပေကျင်း ဇွန် ၂၆

ဖိလစ်ပိုင်နိုင်ငံ စက်ရုံတစ်ရုံတွင် မက်သာဖက်တမင်း ပုံဆောင်ခဲ ကီလို ၁၈၀ ကို သိမ်းဆည်းရမိပြီး မူးယစ်ဆေးဝါးမှောင်ခိုသမား ရှစ်ဦးကိုလည်း တရုတ်နှင့် ဖိလစ်ပိုင်ရဲတပ်ဖွဲ့တို့က ဖမ်းဆီးခဲ့ကြောင်း အထက်တန်းအရာရှိက ဇွန် ၂၅ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးခံရသူ ရှစ်ဦးမှာ တရုတ်နိုင်ငံသား ခြောက်ဦး၊ ဟောင်ကောင်တွင် နေထိုင်သူတစ်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးတို့ဖြစ်ပြီး ဇွန်လအစောပိုင်းက ၎င်းတို့ကို ဖမ်းဆီးခဲ့ကြောင်း တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မူးယစ်တိုက်ဖျက်ရေးဗျူရိုအကြီးအကဲ လီယူကျန်က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ ဆေးဝါးထုတ်လုပ်သည့် စက်ရုံများတွင် ၂၀၀၄ ခုနှစ်ကတည်းက အိုင်စ်ခေါ် မက်သာဖက်တမင်းပုံဆောင်ခဲများကို ထုတ်လုပ်မှုဖြင့် ဇွန် ၃ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့၌ မူးယစ်ဆေးဝါး မှောင်ခိုခေါင်းဆောင်ကိုင်အေရှန်ကို ဖမ်းဆီးခဲ့ကြောင်း လီက ပြောကြားသည်။

တရုတ်နိုင်ငံ ဥပဒေအရ မူးယစ်ဆေးဝါးဂရမ် ၅၀ သို့မဟုတ် ဂရမ် ၅၀ ကျော် ရောင်းချခြင်း သို့မဟုတ် ထုတ်လုပ်မှုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိပါက သေဒဏ် အပြစ်ပေး ခံရမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယတွင် ဗုံးပေါက်ကွဲ လေးဦးသေဆုံး

ဂူဝါဟာတီ (အိန္ဒိယ) ဇွန် ၂၇

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ဇွန် ၂၄ ရက်က လူအများအပြားရှိနေသည့် ဘတ်စ်ကားမှတ်တိုင်အနီး ဗုံးပေါက်ကွဲရာ လေးဦးသေဆုံးကြောင်း၊ နိုင်ငံတကာ ပြေးခုန်ပစ် အားကစားပွဲတော မကျင်းပမီ အချိန်ပိုင်းအတွင်း ဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နိုင်ငံတကာ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ရန် အာရှနိုင်ငံ ၁၉ နိုင်ငံမှ အားကစားသမားနှင့် တာဝန်ရှိသူ ၂၀၀ကျော်တို့ အာသံပြည်နယ် ဂူဝါဟာတီမြို့သို့ ရောက်ရှိနေကြသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုတွင် အားကစားသမားများ ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ ပြည်သူတစ်ဒါဇင်ခန့် ထိခိုက်ဒဏ်ရာ ရရှိသည်။

ထိခိုက်ဒဏ်ရာ ရရှိသူများတွင် ဟင်းရွက်သည်နှင့် ကုန်သည်တို့များကြောင်း အထက်တန်းရဲအရာရှိက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



ဟောင်ကောင်ကျွန်းအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းသည့် (၁၀)နှစ်မြောက် အခမ်းအနားအတွက် လေ့ကျင့်ပြင်ဆင်နေသူများကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗြိတိန်နိုင်ငံမြောက်ပိုင်း ပီတာလေအရပ်တွင် ရေကြီးမှုဖြစ်ပွားနေသည်ကို ဇွန် ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗြိတိန်တွင် ရေလွှမ်းမိုး တစ်ဦး သေဆုံး

လန်ဒန် ဇွန် ၂၇

ဗြိတိန်နိုင်ငံ အနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ခဲ့ကြောင်း ဟမ်ဘာဆိုဒ်ပင်လယ်ဆိပ်ကမ်းဒေသ ဟူလ်တွင် ရေလျှံနေသည့်မြောင်းကို ရှင်းလင်းရန် ကြိုးစားစဉ် လူတစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းကို ရဲတပ်ဖွဲ့ရေငုပ်သမားများနှင့် အရေးပေါ်ကယ်ဆယ်ရေးဌာနက ကယ်ဆယ်ခဲ့သော်လည်း ၎င်း၏အသက်ကို ကယ်တင်နိုင်ခြင်း မရှိပေ။

လေပြင်းတိုက်ခတ်

ဟမ်ဘာဆိုဒ်ဒေသသည် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်မြောက်ပိုင်းလေပြင်းတိုက်ခတ်ခြင်းဒဏ်ကို အဆိုးရွားဆုံးခံရသည့် ဒေသတွင် ပါဝင်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ဒေသ ၁၁ ခုတွင် ရေလွှမ်းမှုသတိပေးချက်ကို ထုတ်ပြန်ထားသည်။ အဓိကအားဖြင့် ဟမ်ဘာဆိုဒ်၊ လင်ကိုရှိုင်းယား၊ ယော့ခ်ရှိုင်းယားနှင့် ဒါဘိုင်ရှိုင်းယားဒေသတို့ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ရော်ဘာလက်အိတ် ထုတ်လုပ်သည့် မလေးရှားကုမ္ပဏီ ရင်းနှီးမြှုပ်နှံငွေနှင့် အမြတ်ငွေ မြင့်တက်မှုမယ်ရှိ

ကွာလာလမ်ပူ ဇွန် ၂၆

မလေးရှားနိုင်ငံ ရော်ဘာလက်အိတ် ထုတ်လုပ်သည့် ဆူပါမတ်စ်ကုမ္ပဏီသည် ၂၀၀၇ခုနှစ်တွင် ရင်းနှီးမြှုပ်နှံငွေနှင့်အမြတ်ငွေ နှစ်ရပ်လုံး ၃၅ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာတွင် လက်အိတ်ထုတ်လုပ်သော ကုမ္ပဏီတို့တွင် ယင်းကုမ္ပဏီသည် ဒုတိယအကြီးဆုံးဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဇွန် ၂၅ ရက်က ဖော်ပြထားသည်။

ကျန်းမာရေး အဆင့်အတန်းကို ပိုမို အလေးအနက် ထားလာသည့်အတွက် ကမ္ဘာတွင် ရော်ဘာလက်အိတ် ဝယ်လိုအား ဆက်လက်မြင့်တက်လျက်ရှိသည်ဟု နယူးစထရိတ်တိုင်းမ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အဆိုပါကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ထိုင်းခမ်ဆမ်က ပြောကြားသည်။

ဆူပါမတ်စ်ကုမ္ပဏီသည် တရုတ်နှင့် အိန္ဒိယကဲ့သို့သော လျင်မြန်စွာ ဈေးကွက်ဖြစ်သည့် နိုင်ငံတို့တွင် ကနဦးဈေးကွက်များကို တိုးချဲ့သွားမည်ဖြစ်ပြီး ဆန်းသစ်သော လက်အိတ်ကို ထုတ်လုပ်သွားမည် ဖြစ်သည်။

ကမ္ဘာတွင် ရော်ဘာလက်အိတ် ဝယ်လိုအားသည် နှစ်စဉ် ပျမ်းမျှအားဖြင့် ၁၂ရာခိုင်နှုန်းတိုးတက်လျက်ရှိကြောင်း၊ အထူးသဖြင့် သုံးစွဲသူများ တိုးလာခြင်းကြောင့်ဖြစ်ကြောင်း ထိုင်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ခိုက်ရန်ဖြစ်ပွားမှုကြောင့် လူငယ်တစ်ဦး ဓားဒဏ်ရာဖြင့် သေဆုံး ၁၄ ဦးကို လန်ဒန်ရဲက စစ်ဆေး

လန်ဒန် ဇွန် ၂၇

လန်ဒန်မြို့တွင် အဖွဲ့နှစ်ဖွဲ့ ခိုက်ရန်ဖြစ်ပွားစဉ် ဆယ်ကျော်သက်ရွယ် လူငယ်တစ်ဦး ဓားဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း၊ အဆိုပါ လူသတ်မှုအတွက် ဇွန် ၂၄ ရက်က ဆယ်ကျော်သက် ၁၄ဦးကို ရဲတပ်ဖွဲ့က ခေါ်ယူစစ်ဆေးခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

သေဆုံးသူသည် အသက် ၁၆နှစ်အရွယ်ဟု ယူဆရကြောင်း၊ လန်ဒန်မြို့တောင်ဘက် ဘက်ကင်ဟမ်ဒေသလမ်းတွင် ခိုက်ရန်ဖြစ်ပွားပြီးနောက် ဓားဒဏ်ရာ ပြင်းထန်စွာ ရရှိထားသည်ကို ရဲအရာရှိများက တွေ့ရှိခဲ့ကြောင်း သတင်း၌ ဖော်ပြထားသည်။

သေဆုံး

၎င်းကို ဆေးရုံသို့ တင်ခဲ့ပြီးနောက် သေဆုံးသွားကြောင်း ထုတ်ပြန်ခဲ့သည်။ သေဆုံးသူသည် မည်သူမှန်း မသိရှိရသေးပေ။

သေဆုံးသူနှင့် ပတ်သက်၍ လန်ဒန်မြို့ တောင်ပိုင်းရဲစခန်း၌ ဆယ်ကျော်သက် ၁၄ ဦးကို ဖမ်းဆီးထားကြောင်း ထောက်လှမ်းရေးသမားများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဗုံးလေးလုံးပေါက်ကွဲ သုံးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရ

ဗန်ကောက် ဇွန် ၂၈

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာနှင့် နာရာသီဝပ်ပြည်နယ်တို့တွင် ဗုံးလေးလုံး ဆက်တိုက်ပေါက်ကွဲရာ သုံးဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိကြောင်း ဇွန် ၂၇ရက်က ထွက်ပေါ်လာသော သတင်းအရ သိရသည်။

ပထမဗုံးသုံးလုံးမှာ ဗုဒ္ဓဟူးနေ့က နာရာသီဝပ်ခရိုင်၌ ပေါက်ကွဲခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်ကြောင့် တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာမရကြောင်း ရဲတပ်ဖွဲ့သတင်းများက ဖော်ပြသည်။ အဆိုပါ ဖြစ်ရပ်နှင့် ပတ်သက်၍ မသင်္ကာသူ ၂၄ဦး ကို ဖမ်းဆီးထားကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားသည်။

နိုင်ငံတောင်ပိုင်း ယာလာမြို့တွင် မော်တော်ဆိုင်ကယ်ရှိ ခြင်းအတွင်း ထောင်ထားသည့် ငါးကီလိုဂရမ်ရှိ ဗုံးကို အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် သုံးဦး အသက်ဆုံးရှုံးသွားပြီး ၁၇ဦး ဒဏ်ရာရရှိသည်။ ငါးဦး၏ အခြေအနေမှာ ဆိုးရွားကြောင်း သိရသည်။

ထိုင်းနိုင်ငံတောင်ပိုင်းဒေသတွင် မငြိမ်မသက်ဖြစ်နေသည့် သုံးနှစ်တာကာလအတွင်း ပြည်သူ ၂၃၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံအနောက်ပိုင်းဒေသထွက် လေးထောင့်ပုံစံဖရဲသီးများကို တိုကျိုနှင့် အိုဆာကာဈေးကွက်တို့သို့ တင်ပို့ရန် ပြင်ဆင်နေသည်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန ကလေးမိဘများအား အသိပညာပေးအစီအစဉ်ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသန်းဦးက မိဘများအတွက် အသိပညာပေး ဟောပြောခြင်းနှင့် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်သက်မြိုင်က ကလေးသူငယ်ဖွံ့ဖြိုးမှု မိသားစုသိသင့်သော အချက်များအကြောင်း အသိပညာပေးခြင်းတို့ကို ဆွေးနွေးဟောပြောကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မိဘများအား အသိပညာပေးအစီအစဉ်တွင် အမှာစကားပြောကြားစဉ်။ (မိခင်/ကလေး)

ဆေးဝါးကုသ ဆောင်ရွက်ပေး

ဆေးရုံအုပ်ကြီး ဒေါက်တာခင်ခင်ကြူ ဦးဆောင်သော အထူးကု ဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်ဝန်ထမ်းများနှင့် သူနာပြုဆရာမများ လုပ်ငန်းခွင်မပျက် အခမဲ့ ဆေးဝါးကုသဆောင်ရွက်ပေးကြစဉ်။ (သတင်းစဉ်)

မန္တလေးအလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ အခမဲ့ ကွင်းဆင်းဆေးကုသ၊ ကျန်းမာရေးအသိပညာပေး ဟောပြော

ရန်ကုန် ဇွန် ၂၈

အလုပ်သမားဝန်ကြီးဌာန မန္တလေးအလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ခင်ကြူ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဇွန် ၁၂ ရက် နံနက် ၈နာရီခွဲတွင် မန္တလေး ချမ်းမြေ့သာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံသို့ သွားရောက်၍ လူမှုဖူလုံရေးအာမခံ အသင်းဝင် ဝန်ထမ်းများအား လုပ်ငန်းခွင်မပျက် အခမဲ့ ကွင်းဆင်းဆေးဝါးကုသခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ခင်ကြူ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ ဆေးဝါးကျွမ်းကျင်ဝန်ထမ်းများနှင့်သူနာပြုဆရာမများသည်စက်ရုံရှိ အထွေထွေရောဂါကုလူနာ ၆၂ဦး၊ ခွဲစိတ်လူနာ၁၈ဦး၊ နား၊နှာခေါင်း၊လည်ချောင်းလူနာ၁၁ဦး၊ မျက်စိလူနာ ၅၀၊ သားဖွားမီးယပ်လူနာ ကိုးဦး၊ အကြောလူနာ ၁၂ ဦးတို့အား လုပ်ငန်းခွင်မပျက် အခမဲ့ ဆေးဝါးကုသဆောင်ရွက်ပေးကြသည်။

ထို့နောက် ဝန်ထမ်း ၂၂ဦးအား သွေး၊ ဆီး စစ်ဆေးပေးပြီး ဝန်ထမ်း ၁၅ဦးအား အလုပ်သမားဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် လွှဲပြောင်းဆေးဝါးကုသစေသည်။

ဆေးဝါးကုသမှုအပြီးတွင် ကျန်းမာရေး ပညာပေးဟောပြောပွဲကို အဆိုပါစက်ရုံ၌ ဆက်လက်ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ခင်ကြူက "လူမှုဖူလုံရေးစီမံကိန်းနှင့် မန္တလေး အလုပ်သမားဆေးရုံကြီး၏ ဆေးကုသပေးမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သမားတော်ကြီး ဒေါက်တာသန်းမောင်က "မြွေအန္တရာယ် ကာကွယ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာခင်လှလှက "နှာခေါင်းရောင်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဝင်းလှိုင်က "လုပ်ငန်းခွင်တွင် တွေ့ကြုံရသော မျက်စိရောဂါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာ သန္တာအောင်က "အမျိုးသမီးများအဖြစ်များသည့် အဖြူဆင်းရောဂါနှင့် ရောဂါကာကွယ်ရန်နည်းလမ်းများ "ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ပညာပေးဟောပြော ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီးဘဝ မြှင့်ဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3rd July 2007

မြန်မာအမျိုးသမီးတို့ အောင်ပွဲ

☆ မြန်မာဟူက၊ ရှေးခါကပင်
ဂုဏ်အင်မညှိုး၊ သယ်ပိုးစိတ်ဓာတ်
လေးမြတ်သဒ္ဓါ၊ ဆွေဉာမျိုးချစ်
အားသစ်ဖြန့်ကူ၊ ဓာတ်မူဖြင့်
ဖေးကူပေးကြ၊ နှလုံးလှနှင့်
မြန်မာ့ဂုဏ်ရောင်၊ ထိန်လင်းပြောင်ခဲ့။

☆ ယနေ့တစ်ခေတ်၊ ပြည်သစ်တည်ရာ
ပြည်မြန်မာဝယ်၊ စဉ်လာချမှတ်
ဆယ့်နှစ်ရပ်ဦးတည်၊ မျှော်ရည်မှန်းချက်
မပျက်ရွက်ဆောင်၊ ပြည်ထောင်ဖွံ့ဖြိုး
အမျိုးသမီးရေးရာ၊ ဖြန့်ကာစုစည်း
တားဆီးတိုက်ဖျက်၊ အကြမ်းဖက်နှင့်
ကျေးလက်ဖွံ့ဖြိုး၊ ဘက်စုံတိုးတက်
စဉ်ဆက်ပူးပေါင်း၊ နည်းကောင်းစံယူ
မြန်မာ့မူဖြင့်
လူကုန်ကူးမှု၊ မပြုနောင်ရေး
လေးပေးဆောင်ရွက်၊ တွဲလက်ကူမ
စည်းလုံးကြပြီ
မြန်မာ့နှလုံး ဖြူစင်ပြုံး။

☆ မြန်မာပြည်မွေး၊ မြန်မာ့သွေးတို့
နွေးထွေးစွမ်းဆောင်၊ ဒို့ပြည်ထောင်တွက်
ကမ်းလက်ကြိုးပမ်း၊ ပြည်တစ်ဝန်းဝယ်
ငယ်ရွယ်ရေးရာ၊ ဂုဏ်သိက္ခာနှင့်
ကရုဏာပြည့်၊ မေတ္တာဖြည့်ဝေ
စောင့်လေမျိုးနွယ်၊ ဝင့်ထည်အလှ
မြန်မာ့ရိုးရာ၊ စဉ်လာကိုထိန်း
"မိန်းမတို့ဣန္ဒြေ၊ ရွှေပေးလို့မရ"
ရှေးကဆိုစကား၊ မှတ်သားထုံးမူ
နည်းယူမြန်မာ၊ မျိုးဂုဏ်ဖြာခဲ့
ပြည်ရွာညှိနှိုင်း၊ စကားဝိုင်းပုံ
ဖြန့်ကြက်တိုင်းခွင်၊ စွမ်းဆောင်ရှင်တို့
ရွှင်ပျကြည်ဖြူ၊ ပြည်သူလက်တွဲ
သည်အောင်ပွဲကို
စဉ်မြဲကြိုဆိုကြပါစို့။ ။

(မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

မွေးငယ်ငယ်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၃၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၅ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၂။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဤမှန်သောသစ္စာတရားကြောင့်" (အပိုင်း-၁၅)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာကြီးမား(သား)ပေါင်းချိန်" (အပိုင်း-၂)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်

နေပြည်တော် ဇွန် ၂၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော အားကစား ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ယခင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြည်နယ်/တိုင်း ဦးစီးမှူးများ၏ လုပ်ငန်းတာဝန် ထမ်းဆောင်မှုများနှင့် စပ်လျဉ်း၍ တင်ပြပြီး ပြည်နယ်/တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို တင်ပြကြသည်။

ဆက်လက်၍ အထက်မြန်မာပြည် ညှိနှိုင်းရေးမှူးနှင့် အောက်မြန်မာပြည် ညှိနှိုင်းရေးမှူးက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြပြီး ဆေးဘက်ဆိုင်ရာဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြလေးစိန်က ဆေးပညာဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့မှ တာဝန်ရှိသူများက အားကစားနှင့် ပညာရေးပေါင်းစပ်လေ့ကျင့်ရေး သင်တန်း၊ အားကစားလေ့ကျင့်ရေး သင်တန်းတို့နှင့် စပ်လျဉ်း၍ တင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်/တိုင်းများမှ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနခွဲများမှ ပြန်လည်ရှင်းလင်း တင်ပြခြင်းနှင့် ဌာနခွဲအလိုက် ညွှန်ကြားရေးမှူးများက ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်(ဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်(ဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ဝန်ကြီးဌာနတွင် တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းမိသားစုများ၏ သား၊ သမီးများအတွက် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်းငွေကျပ် ၃၁သိန်းလေးသောင်း တစ်ထောင်ကို တာဝန်ရှိသူများထံ ပေးအပ်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၂၆ရက်က အထက(၃) ကျောင်းခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်အေးစိုး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်း ဟောပြောစဉ်။ (က–ပ)

အထက(သုဝဏ္ဏ) ပညာသင်စရိတ်နှင့် စာရေးကိရိယာ ထောက်ပံ့လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကြီးမှူး၍ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ဆင်းရဲနွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် ကွန်ပျူတာခန်းမ၌ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့် အဖွဲ့ဝင်များ၊ မိဘဆရာ အသင်းနာယက ဒေါ်ရီရီဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မြမြဝင်းနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ၊ တာဝန်ခံဆရာမကြီး ဒေါ်စန်းမြိုင်နှင့် ဆရာ၊ ဆရာမများ၊ အလှူရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးချစ်မျိုးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး သဘာပတိ ကျောင်းအုပ်ဆရာကြီးဦးအောင်ကျော်မြနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေတို့က အမှာစကားပြောကြားကာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းသူ၊ ကျောင်းသား ၅၁ဦးအတွက် ပညာသင်စရိတ် ကျပ်တစ်သိန်းနှင့် စာရေးကိရိယာတန်ဖိုး ကျပ်တစ်သိန်းငါးသောင်းကို ထောက်ပံ့လှူဒါန်းကြပြီး **(ဝဲပုံ)** ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးထွဏ်းထွဏ်းက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (က–ပ)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တိုင်း ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒီဂျစ်တယ် ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကွန်ပျူတာပန်းချီ (အထက်တန်းအဆင့်) အထူးဆုရရှိသော အထက(၁) ပန်းဘဲတန်းမှ ကျောင်းသူ မဖြိုးသဉ္ဇာအောင်အား တောင်ပိုင်းခရိုင် ဒုတိယရဲမှူးကြီးမောင်မောင်က ဇွန် ၂၆ ရက်တွင် ဆုချီးမြှင့်စဉ်။ (က–ပ)

ခရမ်းမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ တီဗွီ၊ ကက်ဆက်၊ ရေဒီယိုနှင့် စာအုပ်များ ပေးအပ်လှူဒါန်း

ခရမ်း ဇွန် ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဖွင့်လှစ်ထားရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ တီဗွီ၊ ကက်ဆက်၊ ရေဒီယိုနှင့် စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ဗြဟ္မစိုရ်ခန်းမတွင် ဇွန် ၁၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ တာဝန်ခံများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလှသောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ရီရီလွင်က ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ တီဗွီ၊ ကက်ဆက်၊ ရေဒီယို၊ စာအုပ်များ လှူဒါန်းရခြင်း ရှင်းလင်းပြောကြားကာ စာကြည့်တိုက်များ ရေရှည် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကိုယ်ပိုင်အဆောက်အအုံများ ရရှိရေး ရှင်းလင်းပြောကြားသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းမှ တီဗွီရရှိသော လက်ပန်တန်းကျေးရွာ “အမေသန်း” စာကြည့်တိုက်သို့ ၂၁လက်မ ကာလာတီဗွီအား ပေးအပ်လှူဒါန်းပြီး**(အောက်ပုံ)** မြို့နယ်အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ရီရီလွင်တို့က ကက်ဆက်၊ ရေဒီယိုနှင့် စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ယခု အခမ်းအနားတွင် ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ၂၁ လက်မ ကာလာတီဗွီတစ်လုံး၊ ကက်ဆက် တစ်လုံး၊ ရေဒီယိုငါးလုံးနှင့် သုတရသ ဂျာနယ်မဂ္ဂဇင်းမျိုးစုံ ၉၀၄ အုပ်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)



သာသနာ့ဗေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက်၌ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဗေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်)၊ ဇူလိုင် ၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ယင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း–၅၄၁၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသီချင်း သီဆိုကပြဖျော်ဖြေပေးသော အဖွဲ့များအား ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးဆွေက စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူ အထက(၃) တာမွေမှ မနှင်းမြတ်နိုင်အား ဆုချီးမြှင့်စဉ်။ (၀၈)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ရက်က ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ဖတ်ကြားတင်ပြပြီး မူးယစ်ဆေးဝါး ပေါ်ပေါက်လာပုံ သမိုင်းအဆင့်ဆင့်နှင့် တရားမဝင် ရောင်းဝယ်ဖောက်ကားမှုကြောင့် ပြစ်ဒဏ်ကျခံရပုံတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ငွေတိုးက ရှင်းလင်းပြောကြားသည်။ **(ယာပုံ)** (က–ပ)

ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင်လှူဒါန်းပွဲကျင်းပ ရေအားဖြည့်စက်ရေတွင်းများ ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)များ ဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့နံနက်ပိုင်းတွင် လသာမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဆောင်ရွက်ပြီးစီးသော ရေအားဖြည့် စက်ရေတွင်းများဖွင့်ပွဲနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားများသို့ တက်ရောက်၍ စက်ရေတွင်းများနှင့် ဆေးကုခန်းကို ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ လသာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးသော ရေအားဖြည့် စက်ရေတွင်းဖွင့်ပွဲကို နံနက် ၇နာရီတွင် အနော်ရထာလမ်းနှင့် ၂၂လမ်းထောင့်၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်းအသင်းအတွင်းရေးမှူး ဦးအေးမြင့်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အလားတူ ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်ပြီးစီးသော ရေအားဖြည့် စက်ရေတွင်းဖွင့်ပွဲကို နံနက် ၇နာရီ ၁၅မိနစ်တွင် အနော်ရထာလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်နိုင်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်များသည် စက်ရေတွင်းရေဘားကို ဖွင့်လှစ်၍ ရေစတင်လွှတ်ပေးကာ ရေအရည်အသွေးကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးမှုဖြင့် လသာမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ကြီးမှူးဆောင်ရွက်ပြီးစီးသော ရေအားဖြည့် စက်ရေတွင်းများ ဖွင့်လှစ်ပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ Sunflower Hotel ခန်းမ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး လသာ၊ ပန်းဘဲတန်းမြို့နယ်များမှ အသင်းဝင် အဆိုပြုလွှာအစောင် ၁၅၀စီကို လက်ခံပြီး အသင်းဝင် အသိအမှတ်ပြုကတ်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၂၅)ရပ်ကွက် စည်ပင်လမ်းနှင့် သရက်ချောင်းလမ်းထောင့်ရှိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ရှေးဦးစွာ ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းဖွင့်ပွဲကို မြို့နယ်အသင်းရုံးရှိ အဆိုပါ ဆေးကုခန်းရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်၌ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် ဆေးကုခန်း တာဝန်ခံ ဒေါက်တာ ဉာဏ်လှိုင်ဦးတို့က ဆေးကုခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများသည် ဆေးကုခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပေးပွဲအခမ်းအနားကို အဆိုပါ မြို့နယ်အသင်းရုံးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ ၅၁၃စောင်ကို မြို့နယ်အသင်းဝင်တစ်ဦးက ပေးအပ်သည်။

ထို့နောက် ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်း ဆေးပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အသင်းအလုပ်အမှုဆောင် ဦးစန်းမောင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် တစ်သိန်းစီ၊ စက်မှုဇုန် (၁)က ငွေကျပ် ငါးသိန်း၊ စက်မှုဇုန် (၁)ဥက္ကဋ္ဌက ငွေကျပ်၁၀သိန်း၊ စက်မှုဇုန် (၁)ဥက္ကဋ္ဌနှင့် မော်တော်ယာဉ် ထုတ်လုပ်ရေးက ငွေကျပ် ငါးသိန်း၊ စက်မှုဇုန်(၃) ဥက္ကဋ္ဌနှင့် အလှူရှင်များက ငွေကျပ် ၁၀သိန်း၊ စက်မှုဇုန် (၂) မိသားစုဝင်များက ငွေကျပ် ငါးသိန်း၊ ရှမ်းတဲကြီး ကျေးရွာမှ ဦးသန်းဦးက ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်များက စုစုပေါင်း ငွေကျပ် သိန်းလေးဆယ်ငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

(၁၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)များဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်တို့ ရေအားဖြည့်စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်စဉ်။ (၁၉)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသန်းဦး ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း သားဖွားခန်းအတွင်း သားဖွားခန်းသုံး ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ် လှူဒါန်းစဉ်။ (မိခင်/ကလေး)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျန်းမာရေးအသိပညာပေး၊ ကွင်းဆင်းရောဂါရှာဖွေကုသ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး ခေါင်းဆောင်သော အသင်းပိုင်ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန်များနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း သားဖွားခန်းသို့ ဇွန် ၂၄ရက်တွင် သွားရောက်ကြပြီး ကျန်းမာရေးအသိပညာပေးရခြင်း အကြောင်းရင်း၊ လုံခြုံစိတ်ချမိခင်ဘဝနှင့် အမျိုးသမီးမျိုးပွားအင်္ဂါ ကင်ဆာအကြောင်းတို့ကို အသိပညာပေး ဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်က ငွေကျပ် ၁၅သိန်းတန်ဖိုးရှိ သားဖွားခန်းသုံး ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံသည်။

အဆိုပါ ကျန်းမာရေးအသိပညာ ပေးဆွေးနွေးပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်တို့မှ အသင်းဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အဆိုပါ အသင်းပိုင် သားဖွားခန်းကို အခြေပြု၍ အဖွဲ့ငယ်များဖွဲ့ကာ ကိုယ်ဝန်ဆောင် အမျိုးသမီး ၇၄ဦးတို့အား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေ သွေးစစ်ပေးခြင်း၊ PMCT စီမံချက်အရ မိခင်မှ သန္ဓေသားသို့ HIV ရောဂါပိုးကူးစက်မှု တားဆီးကာကွယ်ကုသမှုပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် သွေးဖောက်စစ်ဆေးပေးခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ၂၁ ဦးတို့အား သားအိမ်ခေါင်းကင်ဆာ ကြိုတင်သိရှိကာကွယ်ကုသနိုင်ရေးအတွက် Pap Smear စမ်းသပ်ပေးခြင်း၊ အမျိုးသမီးအားလုံးအား ရင်သားစမ်းသပ်ပေးခြင်း၊ လိုအပ်သူများအား သက်ဆိုင်ရာဆေးရုံများသို့ ညွှန်ပို့ပေးခြင်းနှင့် အမျိုးသား ၁၅၈ ဦးတို့အား ကွန်ဒုံး အသုံးပြုမှု လက်တွေ့ရှင်းပြခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်းတို့ကို ပြုလုပ်ပြီး ကွန်ဒုံး ၇၂၀ ကို ပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

The LIVE NEWS ဂျာနယ် အမှတ်(၄၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၈

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၄၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပင်လယ်ကူးသင်္ဘောသားများအတွက် အလုပ်အကိုင် အခွင့်အလမ်း၊ ယာယီနံပါတ်များဖြင့် မောင်းနှင်လျက်ရှိသောယာဉ်များ ယာယီနံပါတ်များ တစ်ပြေးညီဖြစ်စေရေးဆွေးနွေးလျက်ရှိ၊ ခရီးသွားကုမ္ပဏီများနှင့် ကမ္ဘာလှည့်ခရီးသည်များအတွက် မြန်မာ့အာမခံမှ ဆောင်ရွက်ပေးနေ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်လေးမျိုးကို ဝန်ကြီးဌာနများရုံးစိုက်ရာ နေပြည်တော်အပြင် ရန်ကုန်မြို့၌ပါပြုလုပ်နိုင်၊ မင်းတုန်းမင်းပိဋကတ်တိုက်နှင့် ကျောက်စာပိဋကတ်တိုက်၊ ဘေဘဲလ်(BABEL)၊ မူပိုင်ခွင့်နှင့် အမျိုးသားရေးတာဝန်၊ သမိုင်းကြောင်းကောင်းလှတဲ့ မဟာဗန္ဓုလလမ်းမကြီး၊ အရက်ကြောင့်၊ ကမ္ဘာပြား-မပြား အငြင်းပွားမှုများ၊ မြောက်ကိုရီးယား အဏုမြူဓာတ်ပေါင်းဖို ပိတ်ပစ်ရန် အသင့်ရှိဟုဆို၊ သတင်းလုံခြုံရေးကို အစစ်ဆေးမခံသည့် အမေရိကန်ဒုတိယသမ္မတ၊ ပါကစ္စတန်က အဏုမြူလက်နက်ထုတ်လုပ်နိုင်သည့် တတိယမြောက်ဓာတ်ပေါင်းဖို တည်ဆောက်လျက်ရှိ၊ အမေရိကန်နှင့် ဗီယက်နမ်ကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန် သွယ်မှု စာချုပ်ချုပ်ဆို၊ တက္ကစီမင်းနှင့် ငွေထုပ်ကြီး၊ ၂၀၀၇ခုနှစ် ဇွန် ၃၀ရက်မှ ဇူလိုင် ၆ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဝဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သာသနာပြုကျောင်းတော်ကြီးအတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၈

ချင်းပြည်နယ် ဟားခါးမြို့ မြို့မ သာသနာပြုစာသင်တိုက် ပဓာန နာယက၊ ဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ၊ပရိယတ္တိသာသနဟိတရေ ဂုဏဝိသိဋ္ဌ ဘွဲ့တံဆိပ်တော်ရ ချင်းတောင်တန်းသာသနာပြု ခေါင်းဆောင် ဆရာတော် ဘဒ္ဒန္တ တေဇောသာရ (မွှာစရိယ၊ ဘီအေ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်)သည် မွှာစရိယတန်းရောက် ရဟန်းသာမဏေများ နေထိုင်ပညာသင်ကြားရန် အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၃၁၄) ကျိုက္ကဆံလမ်း တာမွေဈေးရှေ့တွင် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ ရတနာလင်္ကာရ လေးထပ် သာသနာပြု ကျောင်းတော်ကြီးကို ဆောက်လုပ်လျက်ရှိသည်။

အလှူရှင်များက လှူဒါန်းလျက်ရှိကြရာ အလုံ ရန်ပိုင်လမ်းနေ ဖခင်ကြီးဦးထွန်းရှိန် မိခင်ကြီးဒေါ်အုန်းရီ အားရည်စူး၍ ဦးစန်းဝင်း-ဒေါ်တင်တင်ဝင်း (သမီး)မခင်မာသူမိသားစု၊ အလုံ နွယ်သာကီလမ်းနေ မိခင်ကြီး ဒေါ်နှင်းတင်အားရည်စူး၍ ဦးသန်းညွှန့်၊ ဒေါ်ငွေကြည်၊ ဦးသန်းထိုက် မိသားစုနှင့် တာမွေ ကျိုက္ကဆံလမ်းနေ နှစ်ဖက်မိဘများအားရည်စူး၍ ဦးခင်မောင်အေး - ဒေါ်ခင်မာအေး (သား) ဗိုလ်လောင်းအောင်ပြည့်စုံဦး၊ မောင်ကျော်ပြည့်ဖြိုးမောင်၊ မောင်ညီပြည့်ဖြိုးလင်း မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ သဃ်န်းကျွန်း၊ သုမင်္ဂလာ (၆)လမ်းနေ ဦးမျိုးအောင်-ဒေါ်ခင်ဆွေလွင် မိသားစုနှင့် တာမွေကျိုက္ကဆံလမ်း၊ မြတံခွန်ကားပစ္စည်းဆိုင်နေ ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးမြသန်း-ဒေါ်မြငွေ(USA) မိသားစုတို့ကငွေကျပ်နှစ်သိန်းစီ၊ကျောက်တန်းမြို့နယ်၊ တာပကျေးရွာ၊ ရတနာစိန်ကျောင်း ဆရာတော် ဦးလက္ခဏာဉာဏနှင့် တပည့်ယောဂီများ၊ တာမွေကျိုက္ကဆံလမ်းနေ ဒေါ်နုနု၊ ဒေါ်ကြည်ကြည်နှင့် တာမွေ ကျောက်မြောင်း ဥယျာဉ်လမ်းနေ ဦးကွန်းအားရည်စူး၍ ဒေါ်ကျင်ရီနှင့် သားသမီးမြေးမြစ်တို့က ငွေကျပ်တစ်သိန်းစီတို့ကို သာသနာပြု ဆရာတော်ထံ လှူဒါန်းခဲ့ကြသည်။

လှူဒါန်းလိုသောအလှူရှင်များသည် သာသနာပြု ဆရာတော် ဖုန်း-၀၉-၅၀၁၁၄၂၀၊ ၀၁-၅၄၅၁၅၃(ရန်ကုန်) နှင့် ၀၇၀-၂၁၁၃၂(ဟားခါး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရွှေမြို့(တပ်ကုန်း) ဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများ ပေးသွင်းရန် စာချုပ် ချုပ်ဆိုပွဲ တက်ရောက်

နေပြည်တော် ဇွန် ၂၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၂၆ ရက် ညပိုင်းတွင် နေပြည်တော်ရှိ Royal Kumudra Hotel ၌ ကျင်းပသည့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Gunkul Engineering Co., Ltd. တို့၏ စာချုပ်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် Gunkul Engineering Co., Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် Gunkul Engineering Co., Ltd. မှ ဌာနေကိုယ်စားလှယ် ဦးဇေယျာသူရမွန်က ကျေးဇူးတင်အမှာစကားပြောကြားပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် Gunkul Engineering Co., Ltd. မှ Mr. Gunkul တို့ စာချုပ်လက်မှတ်ရေးထိုးကာ စာချုပ်အား အပြန်အလှန် လဲလှယ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ အုတ်မြစ်တော်စီပေးခဲ့ပြီး မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ဝိပဿနာ တရားပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ၏ အဌမမြောက် အံ့ချီးဖွယ်ဖြစ်လာမည့် ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံတော်တူ ကမ္ဘာ့ဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအတွက် အလှူငွေပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ဓမ္မဇောတိဝိပဿနာ ရိပ်သာ၌ ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ ပထမအကြိမ်မှ

စီမံ/စီးပွားဝန်ကြီးဌာန သုံးဂိုး
(ဟန်မျိုးအောင်–နှစ်ဂိုး၊ ဇေယျာဖြိုး–တစ်ဂိုး)
တရားရုံးချုပ် တစ်ဂိုး
(တေဇာဖြိုး)
ဒိုင်လူကြီး ဦးမွေးကြိုင် (အဖွဲ့ချုပ်)

ညနေ ၄ နာရီတွင် ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ ကျင်းပသည့် (က)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် သမဝါယမဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သမဝါယမဝန်ကြီးဌာန ဘောလုံးအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ပွဲကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

သမဝါယမဝန်ကြီးဌာန ငါးဂိုး
(ဖြိုးဝေစိုး–လေးဂိုး၊ ကျော်ဆန်းဝေ–တစ်ဂိုး)
ပို့ဆောင်ရေးဝန်ကြီးဌာန ဂိုးမရှိ
ဒိုင်လူကြီး ဦးခင်မောင်ထွေး (အဖွဲ့ချုပ်)

အလားတူ ယနေ့ညနေ ၄နာရီတွင် လယ်ဝေးမြို့နယ် အားကစားကွင်း၌ (က) အုပ်စုမှ စက်မှု(၁) ဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စက်မှု(၂) ဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စက်မှု(၁) အသင်းက စက်မှု(၂)အသင်းကို ခုနစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စက်မှု(၁)ဝန်ကြီးဌာန ခုနစ်ဂိုး
(ပြည့်ဖြိုးပိုင်–သုံးဂိုး၊ ဖြိုးဝေစံ–နှစ်ဂိုး၊ ဟန်ညွန့်နိုင်–နှစ်ဂိုး)
စက်မှု(၂)ဝန်ကြီးဌာန ဂိုးမရှိ
ဒိုင်လူကြီး ဦးမင်းသန်း (အဖွဲ့ချုပ်)

ယှဉ်ပြိုင်ပွဲများကို ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တပျော်တပါး အားပေးကြည့်ရှုခဲ့ကြသည်။ (ကြေးမုံ)

ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်ရှိ နာတာရှည် ဝေဒနာရှင်များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်စဉ်။
(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြား နာတာရှည်ရောဂါ ဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် သဃ်န်းကျွန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားပြီး သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ လှူဒါန်းငွေကျပ် ခြောက်သိန်းသုံးသောင်း၊ ဦးတင်လှ Camel International Co., Ltd.က ငွေကျပ်နှစ်သိန်း အပါအဝင် အလှူငွေကျပ် စုစုပေါင်း တစ်ဆယ့်ရှစ်သိန်းခြောက်သောင်းကို လက်ခံသည်။ ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလီတို့က ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်ရှိ နာတာရှည် ဝေဒနာရှင်များ၏ နေအိမ်သို့ သွားရောက် အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ အိုင်ဗင်၊ ဟိုတက်အား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အိုင်ဗင်၊ ဟိုတက်သည် ၁၉၅၅ခုနှစ်တွင် မွေးဖွားခဲ့ပြီး ပရပ်မြို့ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၈၃ခုနှစ်တွင် ချက်ကိုစလိုဗက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၃ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နယူးဒေလီ၊ ဆိုးလ်နှင့် ကွာလာလမ်ပူမြို့များရှိ ချက်သမ္မတနိုင်ငံ သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၀ ပြည့်နှစ်တွင် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ထောက်ပံ့ရေးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ အိုင်ဗင်၊ ဟိုတက်သည် ၂၀၀၇ခုနှစ် ဇန်နဝါရီလမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အိုင်ဗင်၊ဟိုတက်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

● **ရက်အင်ဒီးယန်းမှ**

သုတေသီများ၏ လေ့လာချက်အရ အီချင်နားစီးယားဆေးသည် အအေးမိရောဂါကို ကာကွယ်ရာ၌ ၅၈ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်သည်ဟု ဆိုသည်။

ထိုဆေးကို အတောင့်များအဖြစ်လည်းကောင်း၊ အဆီထုတ်၍လည်းကောင်း၊ လက်ဖက်ရည်ဖြင့်တွဲ၍ သောက်သုံးခြင်းဖြင့်လည်းကောင်း ကိုယ်ခံအားကို မြှင့်တင်ပေးကာ အအေးမိရောဂါ ကာကွယ်နိုင်စွမ်း ပိုမိုမြှင့်တင်ပေးသည်ဟု ဖော်ပြသည်။

အီချင်နားစီးယားပင်များသည် အမေရိကန် ပရေရီဒေသများ၌ ပေါက်ရောက်သည်။ အီချင်နားစီးယားပင်သည် မျိုးစိတ်ပေါင်း ကိုးစိတ်ရှိသည့်အနက် သုံးမျိုးကိုသာ အအေးမိရောဂါ ကာကွယ်ရေးအတွက် ဒေသခံလူနီများက အသုံးပြုကြသည်။

ထိုလေ့လာမှုကို ကွန်နက်တီကတ်တက္ကသိုလ် ဆေးပညာဌာနမှ ဒေါက်တာ ဘရိတ်ကိုးလ်မင်းနှင့် အဖွဲ့များက ပြုလုပ်ကြခြင်းဖြစ်သည်။

အီချင်နားစီးယားဆေးနှင့် ဗီတာမင်စီ တွဲဖက်သုံးစွဲမည်ဆိုပါက အအေးမိရောဂါ ဖြစ်ပွားမှုဒဏ်ကို ၈၆ ရာခိုင်နှုန်းအထိ လျော့ကျသွားစေနိုင်သည်ဟု ဆိုသည်။ သုတေသီများ၏ လေ့လာချက်များကို လင်းဆက် ကူးစက်ရောဂါစာစောင်တွင် ဖော်ပြထားသည်။

အီချင်နားစီးယားဆေးကို သောက်သုံးထားသူတစ်ဦးသည် အအေးမိရောဂါကို ဖြစ်စေသည့် ရိုင်နိုဗိုင်းရပ်ပိုး(rhinovirus)ကို တိုက်ရိုက်ရှူရှိုက်မိပါက ကာကွယ်နိုင်စွမ်း ၃၅ ရာခိုင်နှုန်းသာရှိသည်ဟု ဆိုသည်။

အအေးမိရောဂါကိုဖြစ်ပေါ်စေသော ဗိုင်းရပ်ပိုး ၂၀၀ ကျော်မျှရှိသည်။ ယခု အီချင်နားစီးယားဆေးသည် အအေးမိရောဂါပိုးအများစုကို ကာကွယ်နိုင်သော်လည်း ရိုင်နိုဗိုင်းရပ်ပိုးအပေါ်၌ ထိရောက်မှု နည်းပါးသည်ဟု ဒေါက်တာကိုးလ်မင်းက ပြောကြားသည်။

လက်ရှိအခြေအနေတွင် အီချင်နားစီးယားပါသော ဆေးအမျိုးပေါင်း ၈၀၀ ကျော် ဈေးကွက်၌ ရှိနေသည်။ ထိုဆေးအားလုံးတွင် ပါဝင်သော အာနိသင်ထက်သော ဓာတုပစ္စည်းမှာ သုံးမျိုးဖြစ်ကြောင်း တွေ့ရသည်။ ထိုပစ္စည်းများသည် အယ်လ်ကာမိုက်ဒ်များ၊ ချီကိုရစ်အက်စစ်နှင့် ပေါ်လီဆက်ကရိုက်များပင် ဖြစ်သည်။

အီချင်နားစီးယားဆေး၏ အာနိသင် ထိရောက်မှုကို အတိအကျကောက်ချက်ချနိုင်ရန်မှာ ဆက်လက်၍ လေ့လာမှုများပြုလုပ်ရန် လိုအပ်နေသေးကြောင်း ဒေါက်တာကိုးလ်မင်းက ပြောကြားသည်။

အင်တာနက်

ရန်ကုန်တိုင်း မြို့နယ်အချို့တွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွား ချို့ယွင်းပျက်စီးမှုများအား အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဖယ်ရှားခဲ့

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း မြို့နယ်အချို့တွင် ယနေ့ညနေပိုင်းက လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အပျက်အစီးအချို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ ကျောက်တံတားမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့၌ ညနေ၄နာရီခွဲခန့်တွင် လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ အမိုးသွပ်များ လေထဲသို့ လွင့်ပါခြင်း၊ သစ်ပင်အချို့ အမြစ်မှ ပြတ်ထွက်လဲပြိုခြင်း၊ ဖုန်းကြိုးနှင့် မီးကြိုးအချို့ ပြတ်တောက်ခြင်းနှင့် ဈေးဆိုင်အချို့ ပစ္စည်းများ လေထဲလွင့်ပါခြင်းများရှိခဲ့ကြောင်း သိရှိရသည်။

အလားတူ ဒလမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့တွင်လည်း ယနေ့ညနေပိုင်းတွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ အမိုးသွပ်များ လေထဲလွင့်ပါခြင်း၊ သစ်ပင်များလဲပြိုခြင်း၊ ဖုန်းလိုင်းနှင့်မီးလိုင်းအချို့ ပြတ်တောက်ခြင်းများရှိခဲ့ကြောင်း၊ သဃ်န်းကျွန်းမြို့နယ်တွင် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အမျိုးသမီးတစ်ဦး သေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ချို့ယွင်းပျက်စီးမှုများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဖယ်ရှားခဲ့ကြောင်း၊ ဒဏ်ရာရ လူနာနှစ်ဦးအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉–၆–၂၀၀၇ (သောကြာနေ့)
၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၅ ၇။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ English for Every day Use.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in reading.
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (အရှေ့တိုင်းပညာအထူးပြု) (အရှေ့တိုင်းပညာ)
၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၅ ၆။ မြန်မာစာ၊ မြန်မာစကား
၅း၃၀ ၇။ နှောင်းခေတ်တေးပဒေသာ
၅း၄၅ ၈။ **"ငါးရစ်မျိုးငါး–––တို့မစား" (ရော၊ခိုင်သင်းကြည်၊မေပိုးအိ၊ ညိုညိုစိမ့်၊မြသက်ထား) (ဒါရိုက်တာ–ရဲဝင်းနီ)**
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅ ၁၂။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၇း၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေရောင်သန်းသော အသည်းနှလုံး" (အပိုင်း–၁၅)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး" (အပိုင်း–၁၆)**
၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

၂၀၀၇ – ၂၀၀၈ စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၀၇–၂၀၀၈ခုနှစ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ (အောက်ပုံ)

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ထွေက အင်ဂျင်နီယာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများ၌ သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်ပညာ သင်ကြားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက စည်ပင်သာယာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို ပြည်နယ်၊ တိုင်းအလိုက် မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အထူး(က)အဆင့်နှင့် နယ်စပ်ဒေသများရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများက ဆောင်ရွက်ပြီးသော လုပ်ငန်းများအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို တစ်မြို့နယ်ချင်း တင်ပြမှုအပေါ် ဝန်ကြီးကလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အစည်းအဝေးကို ဇွန် ၂၃ ရက်တွင် ဆက်လက်ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်၊ တိုင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများနှင့် အမှုဆောင်အရာရှိများ၏ ရှင်းလင်းတင်ပြမှုများအပေါ် အားနည်းချက်၊ အားသာချက်များအားသုံးသပ်ပြီး လိုအပ်ချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ထွေက တင်ပြချက်များအပေါ် လိုအပ်သည်များကို သုံးသပ်ဆွေးနွေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၇၀)တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန်ပရိယတ္တိ စာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ဒေါ်တင်ရီ၊ သား၊ သမီး၊ မြေးတစ်စုတို့က ငွေကျပ် ငါးသိန်းကို နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တည်ဆောက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီးအတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းနေ ဦးဝင်းကြည်၊ ဒေါ်လှရီမိသားစုက ငွေကျပ် ၂၀၀၀၀၀ကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးလှိုင်တို့ လက်ခံယူစဉ်။ (က–ပ)

ရေနုတ်မြောင်းများ ဆယ်ယူခြင်းနှင့် စိုက်ပျိုးမွေးမြူရေး မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

မန္တလေး ဇွန် ၂၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၂ ရက် နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ်ရှိ ၆၂လမ်း တစ်လျှောက် ၁၂ လမ်းမှ ၁၉ လမ်းအထိ လမ်းဘေးဝဲ၊ ယာရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြောင်းဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာအုပ်စု ထွေ့ကြီးကုန်းကျေးရွာအနီးရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန၏ ဆင်းသွယ်ရင်နှင့် ဆင်းနွယ်ရင် နွေစပါးဧက ၁၀၀စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု အခြေအနေနှင့် ရေတံခွန်တောင်ဒေသ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)အတွင်း ဆီးပျိုးပင် ၁၀၀၀၀နှင့် တရုတ်စကားပင် ၁၀၀၀၀ ပြုစုပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခြံတာဝန်ခံအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)အတွင်း ခြံစည်းရိုးကြက်ဆူဧက ၁၀၀စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု၊ ပီလောပီနံ ငါးဧကစိုက်ခင်း၊ စမ်းသပ်စိုက်ပျိုးထားသော ကြက်သွန်နီ လေးဧကစိုက်ခင်းနှင့် အခြားမီးဖိုချောင်သုံးသီးနှံစိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(၄၆၉)**

ရန်ကုန်မြို့ ဗဟန်း ကြားတောရလမ်း အမှတ်(၁၅)ရှိ ပိဋကသုံးပုံစာအံစာဖြေ သံဃာတော်များ သီတင်းသုံးနိုင်ရေး ဗိမာန်တော်ရှေ့ပိုင်းတိုးချဲ့ဆောင်အတွက် ထေရဝါဒဗုဒ္ဓသာသနာတော် တည့်တံ့ပြန့်ပွားရေးအဖွဲ့က ငွေကျပ် သုံးသိန်း လှူဒါန်းရာ ဗိမာန်တော်စောင့်ရှောက်ရေး တိပိဋကဓမ္မရက္ခိတအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိန်တင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကြင်သန်း၊ ပြန်ကြားရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်း မြို့နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း) တို့က လက်ခံရယူစဉ်။ (က–ပ)

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် ကျောက်တံတားမြို့နယ် ၃၄ လမ်းနေ ဦးသန်းထွန်း–ဒေါ်ဘောဘီတို့က အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပခုက္ကူ၊ကလေး ကရင်နှင့်ချင်းပြည်နယ်ရှိ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများသို့ အဝတ်အထည်များလှူဒါန်း

နေပြည်တော် ဇွန် ၂၈

ကွယ်လွန်သွားသော ကျေးဇူးရှင် ဖခင်ပွဲစားကြီး ဦးရှင်–မိခင် ဒေါ်ဌေးခင်နှင့် မွေးစားမိဘများဖြစ်ကြသော ဒေါ်စိန်လှ (များသုခဆန်စက်နှင့် ဆီစက်)၊ မောင်ဦးလှမောင်၊ ဦးပြည့်စုံ၊ တူမ ဒေါ်နုနုတို့အားရည်စူး၍ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ်ကွက်နေ ဦးမြင့်သိန်းက ပခုက္ကူမြို့နှင့် ကလေးမြို့တို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကရင်ပြည်နယ်၊ ချင်းပြည်နယ်တို့၏ နယ်စပ်တောင်တန်းဒေသရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ် ၉၇၁၀၂၆၆ တန်ဖိုးရှိ အဝတ်အထည်များကို ဇွန် ၂၇ ရက်ညနေ ၅နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမသို့ လာရောက်လှူဒါန်းရာ သာသနာရေး ဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည် ပေးအပ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ၏ (၆/၂၀၀၇)အစည်းအဝေးကို ဇွန် ၂၆ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ်အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးက ယခင် (၅/၂၀၀၇) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကိုတင်ပြပြီး လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိ ဥက္ကဋ္ဌဦးလှမြိုင် (ကိုဆောင်း)က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ပြည်ထဲရေးအသင်း ဗိုလ်စွဲ

ရန်ကုန် ဇွန် ၂၈

၂၀၀၇ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဝန်ကြီးဌာန ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန်၁၈ရက်မှ၂၄ရက်အထိ ကျင်းပ ခဲ့ရာ ပြိုင်ပွဲ အတန်းခြောက်တန်း ကျင်းပသည့်အနက် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက အတန်း လေးတန်း၌ ပထမရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာန အမျိုးသားအသင်းက အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ လူသစ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ လူသစ်တန်းအဖွဲ့ငယ်ပြိုင်ပွဲတို့၌ ပထမရရှိပြီး အမျိုးသမီးပြိုင်ပွဲတွင် ပြည်ထဲရေး(က) အသင်းက နှစ်ယောက်တွဲပြိုင်ပွဲ၌ ပထမရရှိ သည်။ ထို့ပြင် အမျိုးသားအလွတ် တန်း နှစ်ယောက်တွဲ ပြိုင်ပွဲ၌ ပြည်ထဲရေး(ခ)အသင်းက တတိယ ရရှိပြီး အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲ၌ ပြည်ထဲရေး(ခ)အသင်းက တတိယရရှိသည်။

ပြည်ထဲရေး ဝန်ကြီးဌာန ပိုက်ကျော်ခြင်းအသင်းတွင် အဖွဲ့ ခေါင်းဆောင်အဖြစ် ဒုတိယရဲမှူး ကြီး ကိုကိုအောင်၊ အုပ်ချုပ် နည်းပြအဖြစ် ဦးသန်းထွန်း၊ နည်းပြအဖြစ် ဦးဌေးဝင်းအောင် နှင့် ဦးဝေလင်းတို့က ဆောင်ရွက် ခဲ့ကြပြီး အားကစားသမား ကျား၊ မ ၃၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြ ကြောင်း သိရသည်။

(ကြေးမုံ)

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၈

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ–နိ ရန်ကုန်ဌာန၊ တိပိဋကကျောင်းတော် အမှတ် (၁၂) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီး ပူဇော်ပွဲကို ၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ရက်) ဇူလိုင် ၂၈ရက်(စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ တိ–နိ အဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေများ၊ စေတနာရှင်အလှူရှင်များ ကြွရောက် လှူဒါန်းနိုင်ပါကြောင်းနှင့် ဖုန်း–၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)



ဦးဝင်းမောင် (B.E. Mech. 1970) ပြုစုသည့် အင်ဂျင်ဝိုင်သုံးစွဲသူတိုင်း လက်စွဲထားရမည့်စာအုပ်နှင့် လူတိုင်းသိထားရမည့် စင်ကြယ်သောရေမှ ရေကောင်းရေသန့်သို့ စာအုပ်များထွက်ပါပြီ။
ဆက်သွယ်ရန်လိပ်စာ–ကြီးကျယ်မြင့်စာပေ
အမှတ် ၁၂၃၉/၁၂၄၁ ဝေဇယန္တာလမ်း၊ ၆ ရပ်ကွက် တောင်ဥက္ကလာပ
ဖုန်း– ၅၇၃၁၈၁၊ ၅၇၉၁၁၈

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉–၆–၂၀၀၇ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၃၀	ဒေါက်တာချစ်ငယ်(ဒဿန) Ph.D နှင့်တွေ့ဆုံခန်း
၇း၀၅	ဓမ္မစကြာ၊စကြာရာတရားတော် [အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)]	၁၁း၀၀	တေးဂီတအစီအစဉ်
		၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
		၁၁း၁၀	နေ့စဉ်မပျက်ဒါနဖက် (၃၆၅)ရက်
၇း၅၅	ဆက်ကပ်လှူဒါန်း ဝါဆိုမြတ်သင်္ကန်း	၁၁း၂၀	တေးဂီတအစီအစဉ်
၈း၃၀	တေးဂီတအစီအစဉ်	၁၁း၂၅	သိစေချင်သည် ICT ခေတ်လူငယ် Website အကြောင်းသိကောင်းစရာ
၈း၃၅	Myanmar Video Rhythm		
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း	၁၁း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်	၁၂း၀၅	တေးဂီတအစီအစဉ်
၉း၃၀	သမထကျင့်စဉ်လမ်းဆက်ထွင် ဝိပဿနာမဂ္ဂင်	၁၂း၁၀	အေးမြသောလေညင်းလေးများ (မေတ္တာ၊စိုးမိုးကြည်၊ဇေယျ၊ ရှုးရှုးမောင်) (ဒါရိုက်တာအောင်မိုး–ပဲရစ်)
၉း၅၀	တေးဂီတအစီအစဉ်		
၉း၅၅	၂၀၀၆ခုနှစ်အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်ပွဲအခမ်းအနား	၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
		၁၂း၃၀	သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(မာလကာသီး)
၁၀း၂၀	တေးဂီတအစီအစဉ်	၁၂း၅၀	တေးဂီတအစီအစဉ်
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း	၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စည်းရုံးဦးဆောင်မှုဖြင့် အထက(၆)ကျောင်းတွင်းရှိ ကျပ်ငွေ ၅၅ သိန်း နှစ်သောင်းရှစ်ထောင် အကုန်အကျခံကာ ပြင်ဆင်မွမ်းမံ ဆောက်လုပ်ပြီးစီး သွားသော ဂန္ဓမာကျောင်းဆောင်သစ် ဖွင့်ပွဲကို ဇွန် ၂၆ရက်က ကျောင်းဆောင်သစ် ရှေ့တွင် ပြုလုပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ တစ်ဦးတည်းအလှူရှင်ဖြစ်သူ မြန်မာတော့ပ်ပါဝါ ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်တာဝန်ရှိသူများက ကျောင်းဆောင်သစ်အတွင်း လှည့်လည် ကြည့်ရှုကြပြီး အလှူရှင် ဦးအောင်ထွန်းနှင့် အခြားအလှူရှင် ခြောက်ဦးတို့အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် မြို့နယ်အတွင်းရေးမှူးဦးစိုးလှိုင်ဦး တို့ကဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် အထက(၆)ကျောင်းအုပ်ဆရာကြီး ဦးဝင်းတင်နှင့်မိဘကိုယ်စားလှယ် ဦးနေဝင်းတို့ကကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(၃၂)

ကိုပါအမေရိက ဘောလုံးပြိုင်ပွဲ မက္ကဆီကိုက ဘရာဇီးကိုအနိုင်ရ

ပွာတိုအော်ဒက်ဇ်(ဗင်နီဇွဲလား)ဇွန်၂၈

ကိုပါ အမေရိက တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)မှ ဘရာဇီး အသင်းနှင့် မက္ကဆီကိုအသင်းတို့ ဗင်နီဇွဲလားနိုင်ငံ ပွာတိုအော်ဒက်ဇ်မြို့ တွင် ဇွန် ၂၇ရက်က ယှဉ်ပြိုင်ကစားကြ ရာ လက်ရှိချန်ပီယံ ဘရာဇီးအသင်းကို မက္ကဆီကိုအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါအသင်းနှစ်သင်းစလုံးအတွက် ပွဲဦးထွက် ယှဉ်ပြိုင်ကစားရသည့်ပွဲ ဖြစ်သည့်အားလျော်စွာ ချန်ပီယံ ဘရာဇီးအသင်းပင် အနိုင်ရရှိမည်ဟု အများက မျှော်လင့်ခဲ့ကြသော်လည်း ပွဲရလဒ်မှာ ဘရာဇီးပရိသတ်အတွက် အံ့အားသင့်စရာ ဖြစ်ခဲ့ရသည်။

ပွဲချိန် ၂၁မိနစ်တွင် မက္ကဆီကို တိုက်စစ်မှူး နာရီကက်စတီလိုက ဘရာဇီးနောက်တန်းလူ တစ်ဦး၏ ခေါင်းပေါ်မှ ဘောလုံးကို ကျော်ဖြတ် ယူပြီး လျှပ်တစ်ပြက် ဂိုးသွင်းခဲ့ရာ ဘရာဇီးဂိုးသမား ဒိုနီကာကွယ်နိုင် ခြင်းမရှိပေ။

နောက်ရှစ်မိနစ် အကြာတွင် မက္ကဆီကိုအသင်းမှ ရေမွန်မော်ရယ် လက်စ်က ဖရီးကစ်မှတစ်ဆင့် ဂိုးသွင်း ခဲ့သည်။

ဘရာဇီးအသင်း၏ နည်းပြသစ် ဒွန်ဂါသည် ယင်းအသင်းကို တာဝန် ယူပြီးချိန်နောက်ပိုင်း ၎င်း၏ပထမဆုံး သောပွဲမှာပင် အရှုံးနှင့် ရင်ဆိုင်ရခြင်း ဖြစ်သည်။

ဗုဒ္ဓဟူးနေ့က ကျင်းပသည့် အုပ်စု(ခ) အခြားပြိုင်ပွဲတွင် ချီလီအသင်းက အီကွေဒေါအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ချီလီအသင်းသည် ဘရာဇီးအသင်း နှင့် လည်းကောင်း၊ အီကွေဒေါအသင်း သည် မက္ကဆီကိုအသင်းနှင့် လည်း ကောင်း တနင်္ဂနွေနေ့တွင် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

အင်တာနက်

ဂျူဗင်းတပ်စ် အသင်းတွင် ဆက်လက်ကစားမည့် ဒေးဗစ်ထရက် ဇီဂေး။ *(ဓာတ်ပုံ–အင်တာနက်)*

ဒတ်ချ်တိုက်စစ်မှူး ရှိုင်းမာကေး ဇာတိရပ်မြေတွင် ဘောလုံးကစားမည်

မြူးနစ် ဇွန် ၂၈

ဘေယန်မြူးနစ် အသင်း၏ တိုက်စစ်မှူး ရှိုင်းမာကေးသည် နယ်သာလန်နိုင်ငံရှိ ဖေယန်နူးအသင်း သို့ ရောက်ရှိလာပြီ ဖြစ်ကြောင်း ဖေယန်နူးအသင်းက ယနေ့ထုတ်ပြန် ကြေညာသည်။ ဒတ်ချ်လူမျိုး မာကေး သည် ၎င်း၏ ဇာတိရပ်မြေနိုင်ငံတွင် ဘောလုံးကစားရန် အာသီသပြည့်ဝပြီ ဖြစ်သည်။ မာကေးအား ပီအက်စ်ဗွီအိန်း ဟိုဗင်အသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းခဲ့သည်။

မာကေးသည်ဘေယန်မြူးနစ်အသင်း တွင် လေးနှစ်ကြာမျှ ကစားခဲ့ရာ၌ အောင်မြင်သည့် ဘောလုံးသမားတစ်ဦး ဖြစ်ကြောင်း ယင်းအသင်း၏ ဥက္ကဋ္ဌ ကားလ်ဟိန်းဇ်က ထုတ်ဖော်ချီးကျူး သည်။

ဇာတိရပ်မြေနိုင်ငံသို့ပြန်ကာ ဘောလုံး ကစားလိုသည့် မာကေး၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ပြီ ဖြစ်ကြောင်း၊ ၎င်း၏ အနာဂတ်ဘဝ တိုးတက်စေရန် ဆုတောင်းပါကြောင်း ကားလ်ဟိန်းဇ် က ပြောကြားသည်။ ***အင်တာနက်***

ဖေယန်နူး အသင်းတွင် ကစားမည့် ရှိုင်းမာကေး။ *(ဓာတ်ပုံအင်တာနက်)*

အင်တာနက်အားကစားသတင်းများ

ဇွန် ၂၇ရက်က ဗင်နီဇွဲလားနိုင်ငံ ပွာတိုအော်ဒက်ဇ်မြို့တွင် ကျင်းပသည့် ကိုပါ အမေရိကဘောလုံးပြိုင်ပွဲ အုပ်စု(ခ)မှ ဘရာဇီးအသင်းနှင့် မက္ကဆီကို အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မန်ယူသို့ပြောင်းရွှေ့ရန် ကမ်းလှမ်းချက် ဒေးဗစ်ထရက်ဇီဂေး ပယ်ချခဲ့

ရောမ ဇွန် ၂၈

မိမိသည် ဂျူဗင်းတပ်စ်အသင်းမှာပင် ဆက်လက်ကစားလိုသဖြင့် ပရီမီယာ လိဂ် ဘောလုံးပြိုင်ပွဲဝင် မန်ချက်စတာ ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ရန် ကမ်းလှမ်းချက်ကို ပယ်ချလိုက်ကြောင်း ဒေးဗစ်ထရက်ဇီဂေးက ယနေ့ပြောကြား သည်။

ထရက်ဇီဂေးသည် အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲသို့ အတန်းတက်လာ သည့် ဂျူဗင်းတပ်စ်အသင်းနှင့် ယခု ရက်သတ္တပတ်အစောပိုင်းက ကန်ထရိုက် စာချုပ်သစ် လက်မှတ်ရေးထိုးခြင်းမရှိမီ အာဆင်နယ်အသင်းက ၎င်းအား ခေါ်ယူရန် ဆွေးနွေးခဲ့သေးသည်။

အာဆင်နယ်အသင်းသည် သီယာရီ ဟင်နရီ၏ နေရာ၌ ထရက်ဇီဂေးအား အစားထိုးရန် လိုလားခဲ့သည်။

အီတလီနိုင်ငံ တူရင်မြို့အခြေစိုက် ဂျူဗင်းတပ်စ်အသင်းသည် ထရက်ဇီဂေး အား နောက်ထပ်သုံးနှစ်သက်တမ်း တိုးရန် ကမ်းလှမ်းခဲ့သည်။*အင်တာနက်*

ဇွန် ၂၈ရက်က အာဂျင်တီးနား တင်းနစ်သမား ပေါ်ထရိုအား အနိုင် ရရှိသည့် ဆွစ်ဇာလန်တင်းနစ်သမား ဖက်ဒဲရားအား တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ တတိယအကျော့သို့ ရော်ဂျာဖက်ဒဲရား တက်ရောက်

ဝင်ဘယ်လ်ဒန်(အင်္ဂလန်) ဇွန် ၂၈

ဆွစ်ဇာလန်လူမျိုး တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲရားသည် အာဂျင်တီးနားတင်းနစ်သမား ယွန်မာတန်ဒယ်လ် ပေါ်ထရိုအား ၆–၂၊ ၇–၅၊ ၆–၁ ဖြင့် အနိုင်ရရှိပြီး ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ တတိယအကျော့ပြိုင်ပွဲသို့ တက်ရောက် သွားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖက်ဒဲရားသည် မြက်ခင်းပြင်တင်းနစ်ကွင်းတွင် ပွဲပေါင်း ၅၀ဆက်တိုက်အနိုင်ရရှိသည့်စံချိန်ကို ထိန်းထားနိုင်သည်။

အနိုင်ကစားနိုင်ခဲ့

လက်ရှိချန်ပီယံ ဖက်ဒဲရားသည် တတိယပွဲတွင် အသက်(၁၈)နှစ်အရွယ်ရှိ ဒယ်လ်ပေါ်ထရိုအား ၂–၀ ဖြင့် အနိုင်ရရှိစဉ် ဗုဒ္ဓဟူးနေ့က မိုးရွာသွန်းမှုကြောင့် ပွဲကိုခေတ္တရပ်နားခဲ့ရသည်။ ပွဲပြန်လည်ကစားချိန်တွင် ဖက်ဒဲရားက ၁၁မိနစ်အတွင်း ပွဲသိမ်းအောင် အနိုင်ကစားနိုင်ခဲ့သည်။ ***အင်တာနက်***

ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ စီမံ/စီးပွား၊ သမဝါယမနှင့် စက်မှု(၁)တို့ အနိုင်ရ

နေပြည်တော် ဇွန် ၂၈

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

နံနက် ၇နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် (ဆ)အုပ်စုမှ စီမံ/စီးပွားဝန်ကြီးဌာနဘောလုံးအသင်းနှင့် တရားရုံးချုပ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စီမံ/စီးပွားဝန်ကြီးဌာနအသင်းက တရားရုံးချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ၂၉-၆-၂၀၀၇ နေ့ ပွဲစဉ်

အုပ်စု	အသင်း	အချိန်	အားကစားကွင်း
(၁)	မွေး/ရေ-သစ်တောရေးရာ	နံနက် ၇ နာရီခွဲ	ပေါင်းလောင်း
(၂)	လူဝင်မှုကြီးကြပ်ရေး-သိပ္ပံနှင့်နည်းပညာ	ညနေ ၄ နာရီ	ပေါင်းလောင်း
(၃)	ဆက်သွယ်ရေး၊စာတိုက်-စီးပွား/ကူးသန်း	ညနေ ၄ နာရီ	လယ်ဝေး

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် နှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့ ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ (က)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

၂၉-၆-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

NLD ပါတီသည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်လေးစား အားထားမှုမရှိ မြောင်မြို့နယ်မှ ပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် ဇွန် ၂၈

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်တစ်ဦးတို့သည် ဇွန် ၂၃ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ နုတ်ထွက်လွှာတွင် NLD ပါတီသည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေခြင်းကြောင့် ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်လေးစားအားထားမှု မရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ ၎င်းတို့၏သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မုန်တိုင်းငယ် ဆက်လက်ရွေ့လျားမည်

နေပြည်တော် ဇွန် ၂၈

ယနေ့မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ဗိဇာကာ ပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၁၀၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

နေပြည်တော် ဇွန် ၂၈

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၀၁ မိနစ် ၃၁ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်ဘက် မိုင် ၂၀ ခန့်ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror အင်တာနက်ကျန်းမာရေးသတင်း

အအေးမိရောဂါကို ကာကွယ်နိုင်သည်ဆိုသည့် အီချင်နားစီးယားပင်။ *(ဓာတ်ပုံ-အင်တာနက်)*

ရက်အင်ဒီယန်းလူမျိုးများ၏ တိုင်းရင်းဆေး အီချင်နားစီးယား အအေးမိရောဂါကို ကာကွယ်နိုင်ဟုဆို

နယူးယောက် ဇွန် ၂၅

အအေးမိသည့်ရောဂါကို ကာကွယ်ရန် မြောက်အမေရိကဌာနေ ရက်အင်ဒီယန်းလူမျိုးများ အသုံးပြုသော အီချင်နားစီးယား (echinacea) သဘာဝဆေးပင်သည် အအေးမိရောဂါကို အကာအကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသီများက ထုတ်ဖော်ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●